မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်၊ ၂၀၁၀ခုနှစ်၊ မတ် ၁၉ ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၇၀)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒို့တာဝန်အရေး (၃) ပါးကို နိုင်ငံသားတိုင်းလက်ခံပြီး အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ကျရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်

ဖွံ့ဖြိုးမှုအခြေခံကောင်းများကို မိမိတို့စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် အကျိုးရှိစွာအသုံးချ

နေပြည်တော် မတ် ၁၈

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မတ် ၁၇ရက် နံနက် ၈ နာရီတွင် စစ်တွေဘူတာကြီးတည်ဆောက်မည့်နေရာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး မြေနေရာ ရွေးချယ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ❐

ကြည့်ရှုစစ်ဆေး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သံတွဲလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁/၂၀၁၀)
၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
(၂၀၁၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်)

နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို *စာမျက်နှာ ၃ ကော်လံ ၁* ■

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၂/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၂/၂၀၁၀)
၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
(၂၀၁၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်)

နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို *စာမျက်နှာ ၃ ကော်လံ ၄* ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၁၉ ရက်)

စက်မှုနိုင်ငံတော်ကြီးပေါ်ထွန်းရေး တိုးမြှင့်တည်ဆောက်

နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်မှုကဏ္ဍ၊ ပုဂ္ဂလိကပိုင်စက်မှုကဏ္ဍနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု စက်မှုကဏ္ဍဟူ၍ ကဏ္ဍများခွဲခြား အကောင်အထည်ဖော်လျက်ရှိသည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စက်မှုနယ်မြေများ၊ စက်မှုဇုန်များ၌ စက်ရုံအလုပ်ရုံများ အရှိန်အဟုန်မြှင့် တည်ဆောက်ပေးခဲ့သည်။ ထို့ပြင် စက်မှုအတတ်ပညာ ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသဖြင့် တက္ကသိုလ်၊ ကောလိပ်သိပ္ပံများမှ စက်မှုဆိုင်ရာအတတ်ပညာရှင်များ နှစ်စဉ်တိုးတက်ပေါ်ထွန်းလျက်ရှိသည်။

ထိုနည်းတူ စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်၍လည်း စက်မှုအတတ်ပညာရှင် ကျွမ်းကျင်လုပ်သားများကို စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အမှတ်(၂) စက်မှုဝန်ကြီးဌာနက စက်မှုသင်တန်းကျောင်း(ဆင်တဲ)၊စက်မှုသင်တန်းကျောင်း(မန္တလေး)၊ သာဂရစက်မှုနယ်မြေ၌ စက်မှုသင်တန်းကျောင်း(သာဂရ)တို့မှ စက်မှုကျွမ်းကျင်လုပ်သားများ နှစ်စဉ်ပေါ်ထွန်းလျက်ရှိသည်။

ယခုအခါ စက်မှုသင်တန်းကျောင်း(ပခုက္ကူ)ကို တည်ဆောက်လျက်ရှိရာ တည်ဆောက်ရေးစီမံကိန်း၏ ၈၃ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ တည်ဆောက်ပြီးစီးပါက စက်ပစ္စည်းပညာသည် (တွင်ခုံ)သင်တန်း၊ စက်ပစ္စည်းပညာသည်(ကြိမ်ခုံ)သင်တန်း၊ စက်မှုဆိုင်ရာလျှပ်စစ်ပညာသည် သင်တန်း၊ အီလက်ထရွန်နစ် စက်မှုပညာသည်သင်တန်း၊ အမာတင်လုပ်သားသင်တန်း၊ မော်တော်ယာဉ် မက္ကင်းနစ်သင်တန်း၊ သတ္တုနှင့်ဂဟေဆော်လုပ်သားသင်တန်းများကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ခေတ်မီနိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ လိုအပ်လျက်ရှိရာ ယင်းတို့ကို စက်မှုသင်တန်းကျောင်းများမှ စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်ကြီးကို စက်မှုနိုင်ငံတော်ကြီးအဖြစ် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ၌ နိုင်ငံတစ်ဝန်းရှိ စက်မှုဇုန်များ၊ စက်မှုနယ်မြေများ၌ စက်ရုံအလုပ်ရုံများ တိုးမြှင့်တည်ဆောက်သကဲ့သို့ စက်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကိုလည်း ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၃-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၄၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ညို
၈:၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၂၅ ၉။ **ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ**
၈:၃၀ ၁၀။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် **(နေပြည်တော် F.C နှင့် ဆောက်သမ်းမြန်မာ F.C)**
၅:၀၀ ၂။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၅:၀၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၂၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅:၂၅ ၅။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၅ ၆။ ပဋ္ဌလက်ကျောင်းတော်
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၁၅ ၈။ မိုးလေဝသအခြေအနေ
၆:၂၀ ၉။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇:၀၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၂၀)
၈:၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ **သစ္စာမော်ကွန်း** (ပထမပိုင်း) သူထူးစံ၊ မင်းဟိဏ်း၊ သားညီ၊ ပြေတီဦး၊ နန္ဒ၊ သက်မွန်မြင့် (ဒါရိုက်တာ-ညိုမင်းလွင်)
၁၅။ သီချင်းချစ်သူ (ငြိမ်းငြိမ်းအိ)
၁၆။ အစီအစဉ်ပြီး၏။

အမှတ်(၂)စက်မှုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ဟွန်ဒိုင်းမော်တော်ယာဉ်ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၈

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ကိုရီးယားသမ္မတနိုင်ငံ ဟွန်ဒိုင်းမော်တော်ယာဉ်ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Mr. Choi, Han Young ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အကြီးစားစက်မှုလုပ်ငန်းများဆိုင်ရာ ကိစ္စရပ်များ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်+နေ့လယ်+ည)

၂၀-၃-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅ တရားတော် **(အင္ဂုနာဂ္ဂိယသုတ်)**
ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိအသိရှိစေဖို့ (လမ်း၌ယဉ်ကျေးခြင်း) တေးပဒေသာ
၈:၄၀ ဘဝအသွင်ကဗျာ့အမြင် (မတ်လမှသည်) တေးပဒေသာ
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ကလေးအစီအစဉ် ကလေးများအတွက် တေးကဗျာ-တို့တိုင်းပြည်
၁၁:၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅ ဇာတ်လမ်းပမာနားဆင်စရာ **(စောင့်သီအပ်သောသစ္စာ)** တေးပဒေသာ
၁၂:၀၀ စံတော်ချိန် ချစ်ခြင်းမေတ္တာ တေးသံငြိမ့်(၄၁)
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (စဉ့်နှင့်စဉ့်ရည်သုတ်လုပ်ငန်း)
၁၂:၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ လေလှိုင်းကြားကပွဲတင်သံ
၁၇:၁၅ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ခေတ်မရွေးသောတေးများ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈:၃၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉:၀၀ နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၁၉:၁၀ တေးပဒေသာ
၁၉:၁၅ သူ့အကြိုက်သူ့အသွင် (ပုလဲဝင်း)
၁၉:၃၀ ကျန်းမာရေးရာ သိကောင်းစရာ (ဟင်းနုနယ် များများစားပါ) တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ သံစဉ်တေးသွား မေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀:၃၀ သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၂၀:၄၅ ညချမ်းချိန်ခါ တေးပဒေသာ
၂၁:၀၀ Radio Internet (13)
၂၁:၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့ ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိထား

ရန်ကုန် မတ် ၁၈

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပလျက်ရှိသော ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာမြားပစ်အားကစားအဖွဲ့သည် ယနေ့ပွဲစဉ်များအပြီးတွင် ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိထားသည်။

ဆွတ်ခူးရရှိ

မြန်မာမြားပစ်အဖွဲ့အတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို အောင်ငိုမ်းက Compound အမျိုးသမီး တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲမှ ရယူပေးခဲ့ပြီး ဗိုလ်လုပွဲတွင်ဆီးဂိမ်းပြိုင်ပွဲနှင့် အာရှချန်ပီယံ PAZ AMAYA (ဖိလစ်ပိုင်)ကို ၁၁၃-၁၀၈ မှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အာရှမြားပစ်အဆင့်(၁)ရှိ ကစားသမားများကို အနိုင်ရရှိခဲ့ခြင်းဖြစ်၍ အောင်ငိုမ်းကို ပြိုင်ပွဲဝင်နိုင်ငံများက ချီးကျူးဂုဏ်ပြုခဲ့သည်။ Mix-Double Compound ပြိုင်ပွဲတွင် ရဲမင်းဆွေနှင့်အောင်ငိုမ်း အတွဲက ဗိုလ်လုပွဲတွင် အိန္ဒိယမှအတွဲကို ၁၄၇-၁၄၅ မှတ်ဖြင့် အနိုင်ရရှိကာ မြန်မာမြားပစ်အဖွဲ့အတွက် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ရယူပေးနိုင်ခဲ့သည်။ ရဲမင်းဆွေနှင့်အောင်ငိုမ်းတို့အတွဲ၏ အကြိုဗိုလ်လုပွဲတွင် ပစ်ခတ်ခဲ့သော ရမှတ် ၁၅၃ မှတ်မှာ အာရှပတ်လည် မြားပစ်ပြိုင်ပွဲ၏ Mix-Double ပြိုင်ပွဲ၌ စံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။ Compound အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် အောင်ငိုမ်းက ငွေတစ်ခု၊ Compound အမျိုးသားတစ်ဦး ချင်းပြိုင်ပွဲတွင် ရဲမင်းဆွေက ကြေးတစ်ခုနှင့် Recurve အမျိုးသားတစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲတွင် ဇော်ဝင်းထိုက်က ကြေးတစ်ခုတို့ ဆွတ်ခူးရရှိကြသည်။

Compound အမျိုးသမီးတစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲနှင့် Mix-Doubleပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ အောင်ငိုမ်း။
(မြားပစ်အဖွဲ့ချုပ်)

ဆက်လက်ယှဉ်ပြိုင်

အဆိုပါ ပြိုင်ပွဲကို ကမ္ဘာ့အဆင့်(၁)ရှိ ကိုရီးယားအသင်းအပါအဝင် တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ တရုတ်(တိုင်ပေ)၊ သြစတြေးလျ၊ ဖိလစ်ပိုင် အစရှိသည့် နိုင်ငံပေါင်း ၂၂ နိုင်ငံမှ မြားပစ်ကစားသမား ၁၆၄ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ မတ် ၁၉ရက် **(ယနေ့)**တွင် အမျိုးသား Recurve အသင်းလိုက်ပြိုင်ပွဲနှင့် Compound အသင်းလိုက်ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(မြားပစ်အဖွဲ့ချုပ်)**

■ ရှေ့ဖုံးမှ

ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေအမှတ် (၂/၂၀၁၀)ဖြင့် ပြဋ္ဌာန်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို ၂၀၁၀ပြည့်နှစ်၊ မတ်လ ၁၇ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၀)ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၃။ နိုင်ငံရေးပါတီတည်ထောင်လိုသူများသည် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)၊ နေပြည်တော်သို့ ဤကြေညာချက်ထုတ်ပြန်သည့်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက် လျှောက်ထားနိုင်သည်။

အမိန့်အရ

(ပုံ) ဝင်းကို

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

● ရှေ့ဖုံးမှ

ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေအမှတ် (၂/၂၀၁၀)ဖြင့် ပြဋ္ဌာန်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ၂၀၁၀ပြည့်နှစ်၊ မတ်လ ၁၇ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၀)ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၃။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅တွင် အကျုံးဝင်သော ပါတီများသည် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)၊ နေပြည်တော်သို့ ဤကြေညာချက်ထုတ်ပြန်သည့်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက် လျှောက်ထားနိုင်သည်။

အမိန့်အရ

(ပုံ) ဝင်းကို

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် နီပေါဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှု နှစ်(၅၀)ပြည့်မြောက်သည့် အခါသမယ၌ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများအကြား သဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် မတ် ၁၉

၂၀၁၀ခုနှစ် မတ် ၁၉ရက်တွင်ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် နီပေါဒီမိုကရက်တစ်ပြည်ထောင်စုသမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှု နှစ်(၅၀)ပြည့်မြောက်သည့် အခါသမယ၌ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများအကြား အောက်ဖော်ပြပါ သဝဏ်လွှာများကို အပြန်အလှန်ပေးပို့ခဲ့ကြသည်-

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းထံမှ နီပေါဒီမိုကရက်တစ်ပြည်ထောင်စုသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စဆူဂျားတာကွေရားလာထံသို့ ပေးပို့သည့်သဝဏ်လွှာ

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် နီပေါဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတ နိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၅၀)ပြည့်မြောက်သော မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ရက်မြတ်အခါသမယတွင် အဆွေတော်အား လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရင်းနှီးသိကျွမ်း

မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့သည် သမိုင်းကြောင်းတစ်လျှောက် ရှေးပဝေသဏီကပင် ခိုင်မာသော ယဉ်ကျေးမှုဆိုင်ရာ ဆက်သွယ်မှုများနှင့် ရင်းနှီးသော ဆက်ဆံရေးများရှိခဲ့ကြပါသည်။ နီပေါနိုင်ငံတွင် ဇေရက်တောင်တည်ရှိနေမှုကြောင့်သာမက ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ဗုဒ္ဓမြတ်စွာဘုရား ဖွားမြင်တော်မူရာဖြစ်သော လုမ္ဗိနီဥယျာဉ်လည်း တည်ရှိသည့်အတွက် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအနေဖြင့် နီပေါနိုင်ငံကို ကောင်းစွာရင်းနှီးသိကျွမ်းပြီးဖြစ်ပါသည်။ ယခုကဲ့သို့ ဘာသာရေးနှင့်ယဉ်ကျေးမှု ဆက်သွယ်မှုများသည် နှစ်နိုင်ငံပြည်သူများအကြား ပိုမိုနီးကပ်မှုရှိစေခဲ့ပြီး ချစ်ကြည်ရင်းနှီးမှုမဏ္ဍိုင်ကိုလည်း ပိုမိုခိုင်မာလာစေခဲ့ပါသည်။

အခွင့်အလမ်းများပိုမိုရရှိ

၁၉၆၀ ပြည့်နှစ်တွင် နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ် စတင်ထူထောင်ခဲ့ချိန်ကတည်းက နှစ်နိုင်ငံအကြား ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်းနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ ရှိခြင်းတို့ကြောင့် မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုသည် ပိုမိုခိုင်မာလာစေခဲ့ပါသည်။ မကြာမီက မိမိတို့နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှစ်ဦး၏ အပြန်အလှန်ခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပြန်လည်အားသစ်လောင်းကာ တိုးတက်ရှင်သန်စေခဲ့ပါသည်။ နှစ်နိုင်ငံအကြား နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနား လှုပ်ရှားဆောင်ရွက်ချက်အစီအမံများသည် ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေးကို တိုးတက်စေမည့် အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်ပါသည်။

အားသစ်လောင်း

နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၅၀)ပြည့် အထိမ်းအမှတ် အခါသမယသည် နှစ်နိုင်ငံအကြား ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေးကို မိမိတို့ပြည်သူများ ပိုမိုသိရှိနားလည်လာစေနိုင်မည်ဖြစ်ပြီး အစဉ်အလာအရ တည်ရှိခဲ့သော ချစ်ကြည်ရင်းနှီးမှုကို အားသစ်လောင်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

နီပေါဒီမိုကရက်တစ်ပြည်ထောင်စုသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စဆူဂျားတာကွေရားလာထံမှ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းထံသို့ ပေးပို့သည့်သဝဏ်လွှာ

နေပြည်တော် မတ် ၁၉

နီပေါဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၅၀) ပြည့်မြောက်သော ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ၂၀၁၀ခုနှစ် မတ်၁၉ရက်နေ့ ရက်မြတ်အခါသမယတွင် နီပေါနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ချစ်ခင်ရင်းနှီးသော မြန်မာ ပြည်သူပြည်သားများအား အဆွေတော်မှတစ်ဆင့် လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပိုမိုခိုင်မာလာ

နီပေါနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးသည် ပုံမှန်သံတမန်အဆက်အသွယ် ထူထောင်မှု မတိုင်မီကတည်းက တည်ရှိခဲ့ပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် လှိုက်လှဲရင်းနှီးမှုနှင့် အပြန်အလှန် နားလည်မှုတို့ အစဉ်အမြဲရှိနေသော ဆက်ဆံရေးဖြစ်ပါသည်။ နှစ်နိုင်ငံစလုံးသည် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ၏ အကျိုးစီးပွားဆိုင်ရာကိစ္စများအပါအဝင် နိုင်ငံတကာရေးရာနှင့် ဒေသဆိုင်ရာကိစ္စရပ်များတွင် တူညီသောအမြင်များ ရှိကြပါသည်။ အဆင့်မြင့်ခရီးစဉ်များ အပြန်အလှန်လည်ပတ်ခြင်းနှင့် နှစ်နိုင်ငံမြို့တော်များရှိ သံရုံးများသည် မိမိတို့၏နှစ်ပေါင်းရှည်ကြာသော ဆက်သွယ်မှုမဏ္ဍိုင်များ ပိုမိုခိုင်မာလာစေရေးကို အထောက်အကူပြုခဲ့ပါသည်။ မိမိ၏ မြန်မာနိုင်ငံသို့ ယမန်နှစ်ဒီဇင်ဘာလက လာရောက်ခဲ့သည့်ခရီးစဉ်နှင့် နှစ်နိုင်ငံသံတမန်အဆက်အသွယ် ထူထောင်မှု ရွှေရတုအထိမ်းအမှတ်အဖြစ် နီပေါနိုင်ငံသို့လာရောက်သည့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်း၏ ချစ်ကြည်ရေးခရီးစဉ်တို့ကို ပြန်လည် အမှတ်ရမိပါသည်။ အဆိုပါခရီးစဉ်များသည် မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန် ပိုမိုနားလည်မှုရစေပြီး ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်မည့် အရေးကြီးသော အခွင့်အလမ်းများကို အထောက်အကူဖြစ်စေပါသည်။

ဗုဒ္ဓဘာသာသည် မိမိတို့နှစ်နိုင်ငံအကြား လေးနက်ခိုင်မာသော ဆက်ဆံရေးကို ဖြစ်ထွန်းစေသည့် အဓိကဆက်နွယ်မှုတစ်ခုပင် ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာဖွားမြင်တော်မူရာဖြစ်သော လုမ္ဗိနီဥယျာဉ်သည် နီပေါနိုင်ငံတွင်တည်ရှိခြင်းကို နီပေါပြည်သူများက ဂုဏ်ယူဝမ်းမြောက်ကြောင်း မိမိအနေဖြင့် ဝမ်းမြောက်စွာ မှတ်သားရပါသည်။ ထို့အပြင် မြန်မာနိုင်ငံသား နီပေါအနွယ်ဝင်များသည်လည်း မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးအတွက် အရေးကြီးသော ဆက်နွယ်မှုဖြစ်ပါသည်။

ပေါင်းကူးဆက်ဆံ

မိမိတို့တွင် ကောင်းမွန်သောနိုင်ငံရေးရာနှင့် သံတမန်ရေးရာ အခြေအနေများရှိသကဲ့သို့ နှစ်နိုင်ငံအကြားရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးစသည့် ကဏ္ဍပေါင်းများစွာမှတစ်ဆင့် ပြည်သူအချင်းချင်း ပေါင်းကူးဆက်ဆံမှုကို တိုးမြှင့်အားပေးဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ၏ စီးပွားရေးပမာဏကို ပိုမိုတိုးမြှင့်နိုင်မည့် အခွင့်အလမ်းများစွာကို ရရှိနိုင်မည်ဖြစ်ပါသည်။ နှစ်နိုင်ငံအကြား ဘာသာရေးဆိုင်ရာလေ့လာမှု၊ ဘုရားဖူးခရီးသွားဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်များတွင် အပြန်အလှန် ဖလှယ်ဆောင်ရွက်ခြင်းများသည် အတန်အသင့် ကောင်းမွန်သည့် အဆင့်တစ်ရပ်သို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ အခွင့်ကြုံခိုက် မိမိအနေဖြင့် လုမ္ဗိနီဥယျာဉ်နှင့် နီပေါနိုင်ငံရှိ အခြားသမိုင်းဝင် ဘာသာရေးဆိုင်ရာနေရာများသို့ လာရောက်လည်ပတ်သည့် မြန်မာဘုရားဖူးခရီးသွားများ ပိုမိုလာရောက်ရန် ဖိတ်ခေါ်လိုပါသည်။

ယခုကဲ့သို့ မြန်မာ-နီပေါ သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၅၀)ပြည့်မြောက်သည့် အခါသမယ အထိမ်းအမှတ်ကျင်းပခြင်းဖြင့် လာမည့်နှစ်များတွင် မိမိတို့နှစ်နိုင်ငံအကြားရှိ နွေးထွေးချစ်ခင်သော ဆက်ဆံရေးမဏ္ဍိုင်ကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

✻ ကျောဖုံးမှ

အဆိုပါ အမှတ် (၃၇)အဆန်၊ အမှတ်(၃၈)အစုန် နေ့ချင်းပေါက် အမြန်လူစီးရထားများ အချိန်စာရင်းကို ပြင်ဆင်လိုက်ခြင်းကြောင့် မန္တလေး-မြစ်ကြီးနား-မန္တလေးခရီးစဉ်တွင် ပြေးဆွဲနေသော အမှတ် (၄၁) အဆန်၊ အမှတ် (၄၂)အစုန်၊ အမှတ် (၅၅) အဆန်၊ အမှတ် (၅၆) အစုန်၊ အမှတ် (၅၇)အဆန်၊ အမှန် (၅၈)အစုန် ရထားများ၏ အချိန်စာရင်းများကိုလည်း ပြင်ဆင်ပြောင်းလဲ ပြေးဆွဲမည်ဖြစ်သည်။

အမှတ် (၄၁)အဆန်ရထားသည် မန္တလေးမှ ညနေ ၆နာရီခွဲတွင်ထွက်၍ နောက်တစ်နေ့ ညနေ၆နာရီခွဲတွင် မြစ်ကြီးနားသို့ ရောက်ရှိမည်ဖြစ်ပြီး အမှတ် (၄၂) အစုန်ရထားသည် မြစ်ကြီးနားမှ နံနက်၅နာရီတွင်ထွက်၍ နောက်တစ်နေ့ နံနက် ၄နာရီ မိနစ်၂၀တွင် မန္တလေးသို့ ရောက်ရှိမည်ဖြစ်သည်။

အမှတ် (၅၅) အဆန်ရထားသည် မန္တလေးမှ မွန်းတည့်၁၂နာရီတွင်ထွက်၍ မြစ်ကြီးနားသို့ နောက်တစ်နေ့ နံနက် ၈နာရီတွင် ရောက်ရှိမည်ဖြစ်ပြီး အမှတ် (၅၆) အစုန်ရထားသည် မြစ်ကြီးနားမှ နံနက် ၉နာရီ၄၅မိနစ်တွင်ထွက်၍ မန္တလေးသို့ နောက်တစ်နေ့ နံနက် ၅နာရီ ၄၅မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

အမှတ် (၅၇) အဆန်ရထားသည် မန္တလေးမှ ညနေ၄နာရီ၁၅မိနစ်တွင်ထွက်၍ မြစ်ကြီးနားသို့ နောက်တစ်နေ့ မွန်းတည့် ၁၂နာရီတွင် ရောက်ရှိမည်ဖြစ်ပြီး အမှတ် (၅၈)အစုန်ရထားသည် မြစ်ကြီးနားမှ မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ထွက်၍ မန္တလေးသို့ နောက်တစ်နေ့ နံနက် ၉နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။

ရပ်တန့်ပေးမည်

မန္တလေး-မြစ်ကြီးနား-မန္တလေး ခရီးစဉ်တွင် ပြေးဆွဲလျက်ရှိသည့် အမှတ် (၄၁) အဆန်/အမှတ် (၄၂) အစုန်၊ အမှတ် (၅၅)အဆန်/အမှတ် (၅၆)အစုန်၊ အမှတ် (၅၇)အဆန်/အမှတ် (၅၈)အစုန်ရထားများသည် မူလရပ်တန့်ပေးသည့် ဘူတာစဉ် အတိုင်း ရပ်တန့်ပေးမည်ဖြစ်သည်။

အမှတ် (၃၇)အဆန် အမြန်လူစီးရထားအတွက် လက်မှတ်များကို မန္တလေးဘူတာတွင် သုံးရက်ကြိုတင်၍လည်းကောင်း၊ လမ်းခရီးဘူတာများတွင် တစ်ရက်ကြိုတင်၍လည်းကောင်း၊ အမှတ် (၃၈)အစုန် အမြန်လူစီးရထားအတွက် လက်မှတ်များကို မြစ်ကြီးနားဘူတာ၌ သုံးရက်ကြိုတင်၍လည်းကောင်း၊ လမ်းခရီးဘူတာများတွင် တစ်ရက်ကြိုတင်၍လည်းကောင်း ရောင်းချပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

မြန်မာ့အလင်း

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်

နယူးဂျာစီ မတ် ၁၈

အမေရိကန်နိုင်ငံ နယူးဂျာစီမှ ဒိုရာဆမ်ဆင်ဆိုသော အမျိုးသမီးတစ်ဦးသည် ကမ္ဘာ့အဝဆုံး လူသားဖြစ်လာစေရန် ကြိုးစားနေသူဖြစ်သည်။

အသက် ၄၂နှစ် ရှိပြီဖြစ်သော ဒိုရာဆမ်ဆင်သည် ကမ္ဘာ့အဝဆုံးလူသား ဖြစ်လာစေရန်အတွက် ဟိုတယ်နှင့်စားသောက်ဆိုင်များမှ အကောင်းဆုံးအစားအစာများကို မှာယူစားသုံးနေသည်ဟုဆိုသည်။ သူအကြိုက်ဆုံး အစားအစာမှာ ဆူရှီဖြစ်သည်။ ယင်းမှာ ဂျပန်အစားအစာဖြစ်သည်။ အဝဆုံးဖြစ်လာရန် နေ့စဉ်စားသုံးရန် ကယ်လိုရီ ၁၂၀၀၀ လိုအပ်မည်ဟု သူကဆိုသည်။ လက်ရှိ သူ၏ကိုယ်အလေးချိန်မှာ ၂၇၃ ကီလိုဂရမ်ဖြစ်သည်။ ကီလိုဂရမ် ၄၅၀အထိ ရောက်ရှိရန်ကြိုးစားပြီး အဝဆုံးလူသားအဖြစ်နှင့် ဂင်းနစ်စ်မှတ်တမ်းဝင်ရန် ကြိုးစားမည်ဟုဆိုနေသည်။ (အင်တာနက်)

မီးသုံးစွဲလျှင် သတိယှဉ် ဆင်ခြင်သတိ အမြဲရှိ

မက္ကဆီကိုတွင် A(H1N1) ဖြစ်ပွားသူ စုစုပေါင်း ၇၀၀၀၀ကျော်ရှိလာ

မက္ကဆီကို မတ် ၁၈

မက္ကဆီကိုနိုင်ငံတွင် A(H1N1)ရောဂါကြောင့် သေဆုံးသူ ၁၁၀၈ဦး အပါအဝင် တုပ်ကွေးရောဂါဖြစ်ပွားသူ ဦးရေသည် မတ် ၁၀ရက်အထိ စုစုပေါင်း ၇၁၃၉၃ ဦး ရှိသွားပြီဖြစ်ကြောင်း မက္ကဆီကို ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

သေဆုံး

လောလောဆယ် နှစ်ရက်အတွင်း A(H1N1) ရောဂါဖြစ်ပွားသူ ၈၆ဦးရှိပြီး သေဆုံးသူငါးဦးရှိကြောင်း သတင်း၌ ဖော်ပြသည်။

ထုတ်ပြန်

မက္ကဆီကိုနိုင်ငံတွင် A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားမှု ဆက်လက် မြင့်တက်လျက်ရှိပြီး သေဆုံးသူ ၁၁၀၈ဦး၌ ၆၀ ဒသမ ၄ရာခိုင်နှုန်းမှာ ရောဂါနှင့်ဆိုင်သည့် ဆေးမှတ်တမ်းရှိသူများဖြစ်ပြီး ၉၆ဒသမ ၅ရာခိုင်နှုန်းမှာ အသက် ၂၀မှ ၅၄နှစ် အတွင်း ရှိသူများဖြစ်ကြောင်း အဆိုပါ ကျန်းမာရေးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

(အင်တာနက်)

ဥမင်ရထားလမ်း

တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ဝမ်ကျိုးမြို့ရှိ ဥမင်ရထားလမ်း တည်ဆောက်ရေးလုပ်ငန်းခွင်ကို မတ် ၁၇ ရက်က တွေ့ရစဉ်။ (ဆင်ပွာဓာတ်ပုံ)

အီရန်၌ မိုးပျံလမ်းမကြီးဖွင့်

တီဟီရန် မတ် ၁၈

အီရန်နိုင်ငံ အစ်ဖာဟန်မြို့၌ ခေတ်မီ မိုးပျံအဝေးပြေးလမ်းမကြီးကို မတ် ၁၅ ရက်တွင် အီရန်သမ္မတမာမွတ်အာမက်ဒီနီဂျက်က ဖွင့်လှစ်ပေးကြောင်း မီဒီယာများက သတင်းထုတ်ပြန်သည်။ ၎င်းမိုးပျံ အဝေးပြေးလမ်းမကြီးသည် မြို့ပြအခြေခံ အဆောက်အအုံများကဏ္ဍ၌ ခေတ်အမီဆုံးလုပ်ငန်း တစ်ခုဖြစ်ပြီး ၂၀၀၈ခုနှစ် နိုဝင်ဘာမှ စတင်ဖောက်လုပ်ခဲ့သည်။ ဒေါ်လာခြောက်ဘီလီယံ ရင်းနှီးမြှုပ်နှံလျက် ၂၈လတာ ကာလအတွင်း အပြီးတည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး မိုးပျံအဝေးပြေးလမ်းမကြီး၏ အရှည်မှာ ငါးကီလိုမီတာရှိသည်ဟု အဆိုပါ သတင်း၌ ဖော်ပြသည်။ (အင်တာနက်)

နျူကလီးယားလက်နက် လျှော့ချရေးစာချုပ်သစ် အမေရိကန်-ရုရှားတို့ မကြာမီ ချုပ်ဆိုနိုင်တော့မည်

မော်စကို မတ် ၁၈

အမေရိကန်-ရုရှား နျူကလီးယားလက်နက်လျှော့ချရေး သဘောတူစာချုပ်သစ်တစ်ရပ်ကို မကြာမီ လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က မော်စကိုမြို့သို့ မကြာမီ သွားရောက်မည့် ခရီးစဉ်မတိုင်မီပြောကြားသည်ဟု ရုရှားမဂ္ဂဇင်း သည်နယူးတိုင်းမ်က မတ် ၁၅ရက်တွင် ဖော်ပြသည်။

စီစဉ်ထား

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့နှင့် တွေ့ဆုံဆွေးနွေးရန်နှင့် အရှေ့အလယ်ပိုင်းဆိုင်ရာ လေးပွင့်ဆိုင်ဆွေးနွေးပွဲသို့ တက်ရောက်ရေးအတွက် မော်စကိုမြို့သို့ သွားရောက်ရန် စီစဉ်ထားသည်။ ၎င်းအနေဖြင့် နျူလက်နက်လျှော့ချရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်သည်။

လျှော့ချရန်

ယင်းသဘောတူစာချုပ်သည် နည်းပညာအားဖြင့် ပြီးမြောက်အောင်ချုပ်ဆိုရန် အလွန်ခက်ခဲသည့် စာချုပ်တစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ နျူကလီးယားလက်နက်များ လျှော့ချသွားရန် စိတ်ဝင်စားကြောင်း၊ ထိုအချက်သည် အထူးအရေးကြီးသည်ဟု ယူဆကြောင်းဖြင့်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ရုရှားအရှေ့ဖျားဒေသ၌ ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မည်

မော်စကို မတ် ၁၈

ရုရှားနိုင်ငံ အရှေ့ဖျားဆာဂါလင်ဒေသတွင် ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်မည့် စီမံကိန်းတစ်ခုကို ၂၀၁၁ခုနှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလများ၌ အပြီးတည်ဆောက်မည်ဟု မျှော်လင့်ရကြောင်း ရုရှားမီဒီယာများက မတ် ၁၆ရက်တွင် သတင်းထုတ်ပြန်သည်။

လုပ်ငန်းခွင်တွင်လိုအပ်မည့် စတီးလ်ပိုက်လိုင်းများနှင့် ကိရိယာတန်ဆာပလာအချို့ ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မည့်နေရာသို့ ဦးစွာရောက်ရှိလာကြသည်။ တည်ဆောက်မည့်ပိုက်လိုင်းမှာ အရှည်ပေ၁၈၀၀ရှိပြီး ဆာခါလင်၊ အဲခါပရောနှင့် ပလာတီဘော့ဒေသများအကြား သွယ်တန်းတည်ဆောက်မည်ဖြစ်သည်။ ရုရှားအရှေ့ဖျား ပရိုင်မိုရီဒေသသည် တစ်နှစ်လျှင် ဓာတ်ငွေ့ကုဗမီတာ ၄၆၀၀၀၀ ဝယ်လိုအားရှိကြောင်း အီတာတာ့ခ်သတင်းဌာနက ထုတ်ပြန်သည်။ (အင်တာနက်)

ဒေသတွင်းနိုင်ငံများနှင့် လုံခြုံရေးသဘောတူညီချက် ချုပ်ဆိုရန် အသင့်ရှိနေဟု အီရန်ပြောကြား

တီဟီရန် မတ် ၁၈

အီရန်နိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များ ချုပ်ဆိုရန် စီစဉ်နေကြောင်း အီရန်ပြည်ထဲရေးဝန်ကြီးက မတ် ၁၅ရက်တွင် ပြောကြားသည်။

စီစဉ်နေ

အနောက်အုပ်စုနိုင်ငံများကမူ အီရန်နိုင်ငံသည် ယင်း၏အရှိန်အဝါဖြင့် ဒေသတွင်းနိုင်ငံများအား ခြိမ်းခြောက်အန္တရာယ်ပြုနိုင်ရေးအတွက် စီစဉ်နေသည်ဟု ပြောဆိုနေကြကြောင်း၊ သို့ရာတွင် အီရန်အစိုးရအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့် တင်းမာမှုမရှိဘဲ ငြိမ်းချမ်းစွာ ဆက်ဆံလိုကြောင်းဖြင့် အီရန်ပြည်ထဲရေးဝန်ကြီးက ထပ်လောင်း ပြောကြားသည်။

ကြိုးပမ်းမှု

ဒေသတွင်း အီရန်မုန်းတီးရေး အနောက်အုပ်စုစီမံကိန်းသည် ရှီးယိုက်နှင့် ဆွန်နီများအကြား စိတ်ဝမ်းကွဲအောင် ဖန်တီးခြင်းပင်ဖြစ်သည်။ ယင်းအချက်သည် အီရန်နှင့် အာရပ်နိုင်ငံများအကြား သွေးကွဲအောင်ပြုလုပ်ခြင်းလည်း ဖြစ်သည်။ သို့ရာတွင် ၎င်းတို့၏ ကြိုးပမ်းမှုသည် အောင်မြင်မည်မဟုတ်ဟူ၍လည်း ထည့်သွင်းပြောကြားသွားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ မော်တော်ဆိုင်ကယ်ထုတ်လုပ်သည့် စက်ရုံ၏ လုပ်ငန်းခွင့်တစ်နေရာကို မတ် ၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ ယခုနှစ်အတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၂၈ ဦးသေဆုံး

ကဘူးလ် မတ် ၁၈

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ် မူဆာအယ်လ်ဒေသ၌ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိပြီးနောက် ဗြိတိန်နိုင်ငံ ဘာမင်ဂမ်ဆေးရုံသို့ တက်ရောက်ကုသမှုခံယူစဉ် မတ် ၁၆ရက်၌ သေဆုံးသွားခဲ့သည်ဟု ဗြိတိန်စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

စစ်ဆင်ရေး

ယင်းသေဆုံးမှုသည် ဟယ်လ်မန့်ပြည်နယ်ရှိ စစ်သွေးကြွများအား ပစ်မှတ်ထားတိုက်ခိုက်သည့် စစ်ဆင်ရေးအတွင်း၌ ဒဏ်ရာရသေဆုံးခြင်း မဟုတ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

တပ်ဖြန့်ချထား

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ပေါင်း ၂၈ဦး ရှိသွားပြီဖြစ်ပြီး အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသ၌ လောလောဆယ် ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၀၀၀ခန့် တပ်ဖြန့်ချထားလျက်ရှိသည်။ (အင်တာနက်)

အရှေ့ဂျေရုဆလင်တွင် အိမ်ရာဆောက်လုပ်ရေးအစီအစဉ် ဆက်လက်ဆောင်ရွက်မည်ဟု အစ္စရေးဝန်ကြီးချုပ်ပြောကြား

တဲလ်အဗစ် မတ် ၁၈

အစ္စရေး၏အိမ်ရာဆောက်လုပ်ရေး အစီအစဉ်နှင့်စပ်လျဉ်း၍ အမေရိကန်နှင့် အစ္စရေးအကြား သံတမန်ဆက်ဆံရေး မပြေမလည်ဖြစ်နေသည့်ကြားမှပင် အစ္စရေးအစိုးရက အရှေ့ဂျေရုဆလင်မြို့၌ ဆောက်လုပ်ရေးလုပ်ငန်းသစ်များ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာသည်။

ဆောက်လုပ်မည်

သိမ်းပိုက်ထားသည့် အရှေ့ဂျေရုဆလင်တွင် အိမ်ရာဆက်လက်ဆောက်လုပ်မည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက မတ် ၁၅ရက်တွင် ရှင်းလင်းပြောကြားသည်။

ဖော်ပြ

ဂျေရုဆလင်နှင့် အခြားနေရာများတွင် အိမ်ရာဆောက်လုပ်ရေးကိစ္စကို လွန်ခဲ့သည့် ၄၂နှစ်အတွင်း ပြုလုပ်ခဲ့သည့် ထုံးတမ်းစဉ်လာအရ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်ဟု နေတန်ယာဟု၏ ပြောကြားချက်ကို ကိုးကား၍ အစ္စရေးဟာရက်ဇ်သတင်းစာက ဖော်ပြသည်။

အစ္စရေးအစိုးရ၏ ဆုံးဖြတ်ချက်ကို ရုပ်သိမ်းရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က တိုက်တွန်းအပြီး ဖော်ပြပါ အစ္စရေးအစိုးရ၏ ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ (အင်တာနက်)

အီရတ် ဝါဆစ်ပြည်နယ်၌ အယ်လ်ခိုင်ဒါတပ်မှူးများ ဖမ်းဆီးမိ

ဘဂ္ဂဒက် မတ် ၁၈

အီရတ်နိုင်ငံ ဝါဆစ်ပြည်နယ်အတွင်း၌ အယ်လ်ခိုင်ဒါကွန်ရက်နှင့် ဆက်နွှယ်သည့် စစ်သွေးကြွတပ်မှူးရှစ်ဦးကို အီရတ်လုံခြုံရေးတပ်ဖွဲ့က မတ် ၁၆ရက်၌ ဖမ်းဆီးရမိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖမ်းဆီး

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အယ်လ်-ဆူစီရာခရိုင်အတွင်းရှိ နေအိမ်များကို ဝင်ရောက်စီးနင်းရှာဖွေပြီး ၎င်းတို့အား လက်ရဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကျူးလွန်

ဖမ်းဆီးရမိသူများသည် ပြည်နယ်အတွင်း အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုများ ကျူးလွန်သဖြင့် ရဲတပ်ဖွဲ့က အလိုရှိနေသူများဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

မက္ကဆီကို မူးယစ်ဂိုဏ်းသားများ ကန်ကောင်စစ်ဝန်ရုံး ဝန်ထမ်းများအား ပစ်သတ်

စီယူဒက်ဂျူအာရက် မတ် ၁၈

မူးယစ်ဆေးဝါး ပြဿနာများနှင့် ကြုံတွေ့နေရသော မက္ကဆီကိုနယ်စပ်မြို့ စီယူဒက်ဂျူအာရက်မြို့၌ သေနတ်သမားများက အမေရိကန် နိုင်ငံသားနှစ်ဦးနှင့် ဒေသခံ အမေရိကန် ကောင်စစ်ဝန်ရုံးဝန်ထမ်း မက္ကဆီကိုနိုင်ငံသားတစ်ဦးတို့အား ပစ်သတ်လိုက်ကြောင်း၊ ယင်းလုပ်ရပ်သည် ရမ်းကားသည့် လုပ်ရပ်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားသည်။

ပြောကြား

တက္ကဆက်ပြည်နယ် နယ်စပ် စီယူဒက်ဂျူအာရက်မြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးဝန်ထမ်း အမေရိကန်အမျိုးသမီးတစ်ဦးနှင့် ခင်ပွန်းဖြစ်သူတို့အား မတ် ၁၄ ရက် မွန်းတည့်ချိန်တွင် မူးယစ်ဂိုဏ်းလူသတ်သမားများဟု ယူဆရသူများက ပစ်သတ်ခဲ့ကြောင်း အမေရိကန်နှင့် မက္ကဆီကို အစိုးရအရာရှိများက ရိုက်တာသတင်းသို့ ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

မလေးရှား၌ ၂၀၁၀ ကားပြပွဲ ကျင်းပမည်

ကွာလာလမ်ပူ မတ် ၁၈

မလေးရှားနိုင်ငံ၏ ၂၀၁၀ မော်တော်ကားပြပွဲကို မတ် ၁၉ ရက်မှ ၂၁ရက်အထိ မလေးရှားနိုင်ငံ ပြည်ပကုန်သွယ်ရေးဖွံ့ဖြိုးမှုကော်ပိုရေးရှင်း၏ ပြပွဲခန်းမတွင် ပြသမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲသည် နိုင်ငံတကာနှင့် မလေးရှားတို့မှ မော်တော်ကား ထုတ်လုပ်သူနှင့် ရောင်းချသူများအတွက် စုရပ်ဖြစ်သည့်အပြင် ၎င်းတို့၏နောက်ဆုံးပေါ် မော်တော်ကားနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို မလေးရှားနှင့် အာဆီယံနိုင်ငံများမှ ဝယ်ယူမည့်သူများအား ပြသသည့် ဈေးကွက်တစ်ခုလည်းဖြစ်သည်။

အဆိုပါမော်တော်ကားပြပွဲတွင် နိုင်ငံပေါင်း ၂၀မှ ကုမ္ပဏီ ၁၀၀ ပါဝင်ပြသမည်ဖြစ်ပြီး ပရိသတ် ၃၀၀၀ လာရောက်မည်ဟု မျှော်မှန်းထားသည်။ *အမ်အင်န်အေ၊ဆင်ဟွာ*

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ ခရီးသည်တင်ဘတ်စ်ကားတိမ်းမှောက်မှု မြင်ကွင်းကို မတ် ၁၇ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အီတလီသမ္မတ ဆီးရီးယားသို့ အလည်အပတ်ရောက်ရှိ

အီတလီသမ္မတ နာပိုလီတာနိုသည် သုံးရက်ကြာအလည်အပတ်ခရီးအဖြစ် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့သို့ မတ် ၁၈ရက်က ရောက်ရှိလာကြောင်း၊ ဆီးရီးယားသမ္မတ ဘာရှာအယ်အာဆတ်နှင့် နှစ်နိုင်ငံဆက်ဆံရေးကိစ္စများ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အီတလီအရာရှိများက မတ် ၁၈ရက်၌ ပြောကြားသည်။

စင်ကာပူ ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ဝန်ချီစက်ပြုတ်ကျ

စင်ကာပူနိုင်ငံ ပန်ဂိုလ်အရပ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ မတ် ၁၈ရက်နံနက်က ဝန်ချီစက်ပြုတ်ကျမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး နှစ်ဦးပြင်းထန်စွာဒဏ်ရာရရှိသွားကြောင်း စင်ကာပူအရာရှိများက မတ် ၁၈ရက်၌ ပြောကြားသည်။

ဗီယက်နမ်၌ သင်္ဘောတည်ဆောက်မှု နည်းပညာပြပွဲဖွင့်

ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်း၌ (၅)ကြိမ်မြောက် နိုင်ငံတကာသင်္ဘောတည်ဆောက်မှုနှင့် ရေကြောင်းဆိုင်ရာနည်းပညာပြပွဲတစ်ရပ်ကို မတ် ၁၈ရက်တွင် စတင်ဖွင့်လှစ်ပြသရာ ပြည်တွင်းပြည်ပသင်္ဘောတည်ဆောက်ရေးကုမ္ပဏီ ၃၀၀တို့ ပူးပေါင်းပါဝင်ပြသကြောင်း မတ် ၁၈ရက်၌ ဗီယက်နမ်အရာရှိများက သတင်းထုတ်ပြန်သည်။

ဟောင်ကောင်၌ A(H1N1)ကြောင့် စာသင်ကျောင်းပိတ်

တရုတ်နိုင်ငံ ဟောင်ကောင်ဒေသရှိ မူလတန်းကျောင်းတစ်ကျောင်း၌ A(H1N1) ရောဂါကူးစက်ပြန့်ပွားမှုကြောင့် မတ် ၁၈ရက်မှစတင်ကာ ယင်းစာသင်ကျောင်းကို ယာယီပိတ်ထားလိုက်ရကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

နီပေါအနောက်ပိုင်း၌ ဘတ်စ်ကား မြစ်ထဲထိုးကျ

နီပေါနိုင်ငံအနောက်ပိုင်း ဒေလိတ်ခရိုင်ရှိ ခါနာလီမြစ်အတွင်းသို့ မတ် ၁၈ရက်က ဘတ်စ်ကားတစ်စီးအရှိန်လွန်ပြီး ထိုးကျခဲ့ရာ ၁၈ဦးသေဆုံးခဲ့ပြီး ခရီးသည်အချို့ ပျောက်ဆုံးလျက်ရှိကြောင်း နီပေါရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

ကမ္ဘောလေကြောင်း၌ မက္ကဆီကို ထိပ်တန်းရောက်လာ

မက္ကဆီကိုနိုင်ငံတွင် လေကြောင်းကုမ္ပဏီနှင့် လုပ်ငန်းပေါင်း ၁၅၀ကျော်ရှိရာမှ ယခုအခါ ၂၀၀ကျော်အထိ တိုးတက်လာသဖြင့် ကမ္ဘာ့လေကြောင်းလုပ်ငန်းတွင် ထိပ်တန်းနေရာ၌ ရပ်တည်နေပြီဖြစ်ကြောင်း မက္ကဆီကိုအရာရှိများက မတ် ၁၈ရက်၌ သတင်းထုတ်ပြန်သည်။

ပါကစ္စတန် အနောက်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်း ကွီတာမြို့တွင် မတ် ၁၈ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ပါကစ္စတန်အရာရှိများက မတ် ၁၈ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘောဒီးယား၌ ဗီယက်နမ် ဆည်တည်ဆောက်မည်

ကမ္ဘောဒီးယားနိုင်ငံတွင် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကုန်ကျမည့် ဆည်ကြီးတစ်ခုကို ဗီယက်နမ်နိုင်ငံက တည်ဆောက်မည်ဖြစ်ကြောင်း၊ ယင်းဆည်ကြီးတွင်ရေအားလျှပ်စစ်စီမံကိန်းတစ်ခုလည်း ပါဝင်ကြောင်း ဗီယက်နမ်အရာရှိများက မတ် ၁၈ရက်၌ သတင်းထုတ်ပြန်သည်။

အိုပက်အဖွဲ့၏နှစ် (၅၀)ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပ

ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)၏ နှစ်(၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို အိုပက်အဖွဲ့ဌာနချုပ်ရှိရာ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ မတ်၁၈ရက်က ကျင်းပကြောင်း၊ ထို့အတူ အိုပက်အဖွဲ့၏(၁၅၆)ကြိမ်မြောက် အစည်းအဝေးလည်း ကျင်းပကြောင်း အိုပက်အရာရှိများက မတ် ၁၈ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများကျဆင်းလျက်ရှိရာ တရုတ်ရွှေဈေးကွက်၌ မတ် ၁၈ရက်ဈေးပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၂၃ဒသမ ၁၆ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

(အင်တာနက်)

ရှေ့နေချုပ်နှင့်ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံ ပြည်၌ထပ်ဆင့်ရှင်းလင်း

ပြည် မတ် ၁၈

နေပြည်တော် ရှေ့နေချုပ်ရုံးတွင် ကျင်းပခဲ့သော ရှေ့နေချုပ်နှင့် ပြည်နယ်၊တိုင်း၊ခရိုင် ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံထပ်ဆင့်ရှင်းလင်းပွဲကို မတ် ၅ရက် နံနက် ၉ နာရီက ပြည်မြို့ရှိ တိုင်းခွဲဥပဒေရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း)တွဲဖက်တိုင်းဥပဒေအရာရှိ ဦးခင်မောင်ဦး**(အပေါ်ပုံ)**က ရှေ့နေချုပ်၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

အဆိုပါထပ်ဆင့်ရှင်းလင်းပွဲသို့ ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ ဥပဒေအရာရှိများ တက်ရောက်ကြသည်။

(တိုင်း ပြန်/ဆက်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ရွှေပြည်သာ၌ စာကြည့်တိုက်အလှူငွေပေးအပ်

ရန်ကုန် မတ် ၁၈

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၃ရက် နံနက် ၁၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးညီညီအောင်က မြို့နယ်ရုံးစာကြည့်တိုက်အတွက် သုတစာအုပ်များ ဝယ်ယူရန် အလှူငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အုံးညွန့်က လက်ခံယူသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

ကွတ်ခိုင်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

မူဆယ် မတ် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် နိမ်လွန်ခိုမုန်းကျေးရွာ အပြုံးပန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ရက် နံနက် ၁၁ နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငွေငွေဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျီးခင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ယင်းနောက် အဆိုပါစာကြည့်တိုက်သို့ DTH စလောင်းနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကျင်းပရာ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းက စာကြည့်တိုက်အဆောက်အအုံသစ်ဆောက်လုပ်ရခြင်းရည်ရွယ်ချက်နှင့် စာပေအကျိုးကျေးဇူးများကို ပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ အဆိုပါစာကြည့်တိုက်သို့ ခရိုင်ဥက္ကဋ္ဌက ၁၄လက်မ ရုပ်မြင်သံကြား ပြစက်တစ်လုံး၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးစိုင်းဆာလူက ဝန်ကြီးမှပေးအပ်လှူဒါန်းသော DTH စလောင်းနှင့် ခရိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အလှူရှင်များက စာအုပ်စာစောင်များ လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် ချယ်ရီရတနာလမ်း ကျောက်ချောခင်းပြီးစီးမှုကို ပြည်နယ်ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး နွားထိုးကြီး၌ ဆောင်ရွက်

နွားထိုးကြီး မတ် ၁၈

နွားထိုးကြီးမြို့နယ် မီးဘေးတားဆီးကာကွယ်ရေးဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်မျိုးသည် မြို့မိမြို့ဖများနှင့်အတူ မတ် ၄ရက်က မြို့နယ် မီးသတ်စခန်းသို့ သွားရောက်၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(၀၉၂)

သင့်သွေးဖြင့် အသက်ကယ်ပါ

လာမည့်သောကြာ ဝါဆိုဖယောင်းတိုင် ရုံဝင်မည်

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မတ် ၁၈

လူငယ်ဒါရိုက်တာ ဓာတ်ပုံအဏ်ထော်ဏီ၏အတည်ပေါက်နောက်တဲ့လူ ဇာတ်ကားမှာ သမ္မတ၊ သွင်၊ နဝဒေးနှင့်မဟာမြိုင်ရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

ဝါဆိုဖယောင်းတိုင်

ဂေါက်ကြီး၏ ဇာတ်လမ်းကို ဒါရိုက်တာမိုက်တီးရိုက်ကူးထားသည့် ဝါဆိုဖယောင်းတိုင်ဇာတ်ကားမှာ လာမည့်သောကြာပတ် မတ် ၂၆ရက်တွင် ရုံဝင်လာမည်ဖြစ်သည်။ ဝါဆိုဖယောင်းတိုင်တွင် လွင်မိုး၊ လူမင်း၊ ခန့်စည်သူ၊ စိုးမြတ်သူဇာ၊ မေကဗျာ၊ သင်ဇာဝင့်ကျော်နှင့် အေးမြတ်သူတို့ ပါဝင်ပြီး ဩဇာသည် သရုပ်ဆောင်အဖြစ် မျိုးကျော့မြိုင်ပါဝင်ထားသည်။

အော်စကာဆုရ Avatar ဇာတ်ကားမှာ မင်္ဂလာရုံတွင် ပြန်လည်ရုံဝင်လာသည်။ ထူးဆန်းသော မီးခွက်ပိုင်ရှင်အကြောင်း ရိုက်ကူးထားသည့် အိန္ဒိယဇာတ်ကား Aladin မှာ ရွှေဆောင်ရုံတွင် ဆက်လက်ပြသနေပြီး ဂျက်ကီချန်း၏ The Spy Next Door ကွန်ဖူးအက်ရှင်ဇာတ်ကားကို နေပြည်တော်ရုံတွင် ကြည့်ရှုကြရမည်ဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

မင်းသားအမီးရ်ခန်း၊ အနီးလ်ကာပူးရ်နှင့် မင်းသမီးမနီးရှာကိုလာပူရီတို့ အဓိကပါဝင်ထားသည့် Mann ဇာတ်ကားမှာ မြို့မရုံတွင် ရုံဝင်လာပြီး ဘုရင့်ရုံတွင် မင်းသား ရှာရွတ်ခန် ခေါင်းဆောင်ပါဝင်ထားသည့် Jap He Banao Di Jodi ဇာတ်ကားကို ကြည့်ရှုကြရမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

အတည်ပေါက်နောက်တဲ့လူဇာတ်ကားမှ မင်းမော်ကွန်းနှင့်အိန္ဒြာကျော်ဇင်။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်-ပဲခူးလမ်း အဆင့်မြှင့်တင်မှုစစ်ဆေး လုပ်ငန်းများဆောလျင်စွာပြီးစီးရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် မတ် ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့နံနက် ၁၀နာရီက ရန်ကုန်-ပဲခူး ခြောက်လမ်းသွားလမ်းမကြီးပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ပြုပြင်ထိန်းသိမ်းရေး ကွပ်ကဲမှုရုံး(ရန်ကုန်တိုင်း) ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းအင်ဂျင်နီယာမှူးကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လုပ်ငန်းများကို ဆောလျင်စွာပြီးစီးရေး ဆောင်ရွက်ရန် မှာကြားကာ နိုင်လွန်ကတ္တရာထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မိုင်တိုင်အမှတ် (၆/၂) သို့ ရောက်ရှိပြီး လမ်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ လှည်းကူး-ဖောင်ကြီး လမ်း လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် လှည်းကူးမြို့နယ် မဟူရာသစ်တောကြိုးဝိုင်း(ကျွန်း) စိုက်ခင်းသို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ တိုင်းသစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ကျွန်းစိုက်ခင်းထူထောင်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံချက်အတိုင်း အပြည့်အဝ ဆောင်ရွက်ရေးကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မဟူရာ (ငမိုးရိပ်ရေကူ) ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ တိုင်းဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားကာ ရေလှောင်တမံပေါ်မှ မဟူရာရေလှောင်တမံအတွင်း ရေဝင်ရောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ငမိုးရိပ်ရေလှောင်တမံသို့ ရောက်ရှိကြပြီး မော်တော်ယာဉ်ဖြင့် ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု အခြေအနေ၊ စိုက်ပျိုးရေပေးဝေမှု အခြေအနေ၊ ရေထိန်းမျှော်စင်ကြွံခိုင်မှု အခြေအနေနှင့် ရေဝင်ရောက်မှု၊ ရေထုတ်ပေးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ငမိုးရိပ်ရေလှောင်တမံ ရန်ကုန်မြို့ ရေပေးဝေရေးသို့ ရောက်ရှိရာ ငမိုးရိပ်တမံမှ ငမိုးရိပ်ချောင်း အတွင်းသို့ ရေသွယ်တူးမြောင်း ဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ တာဝန်ရှိသူက ရှင်းလင်းတင်ပြပြီး ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြ၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ငမိုးရိပ်ရေလှောင်တမံ ပင်မမြောင်းမှ စိုက်ပျိုးရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အထက ရေတာရှည် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၈

ပဲခူးတိုင်း ရေတာရှည်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာ ပူဇော်ပွဲကို ဧပြီ ၄ရက်(တနင်္ဂနွေနေ့)တွင် အထက ရေတာရှည်မြို့ အောင်ဆန်းခန်းမ၌ နံနက် ၇နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆရာဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဦးမောင်မောင် (ရေတာရှည်) ဖုန်း-၀၅၄-၈၀၂၀၂၊ ဦးအန်းတူး (မန္တလေး) ဖုန်း-၀၉-၂၀-၀၄၄၀၂နှင့် ဦးခင်မောင်သိန်း (ရန်ကုန်) ဖုန်း-၇၃၀-၀၀၃၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၃-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အာဋာနာဋိယသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	ဆရာတော်အရှင်ပုညာနန္ဒ ဟောကြားတော်မူသောတရားတော်
၇:၀၀	MRTV-4 သတင်း
၇:၄၅	Opening Ceremony 2010 of B'coz Fashion Centre
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၄)
၈:၃၀	Sports World
၈:၅၅	ထွန်းကားပြန့်ပွားစေရာ သုဝဏ္ဏဘူမိသာသနာ
၉:၂၅	Movie Talk ရှမဝဦးကျော် အသက်(၁၀၀)ပြည့် ဂုဏ်ပြုအစီအစဉ်(အပိုင်း-၂)
၁၀:၂၀	အံ့ဖွယ်ထင်ရှား ကျိုက္ခမီဘုရား ဝပ်တွားအလီလီ နိဗ္ဗာန်ရည်
၁၀:၄၅	ကျေးဇူးဆပ်ရန်ရည်သန် စွယ်တော်မြတ်ဓာန်
၁၁:၀၀	သစ်သီးဝလံ ပေါပြည့်ဝေဆာ တို့မြေမှာ (ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်)
၁၁:၂၀	VJ Choice
၁၁:၅၀	To ... Golf ချစ်သူများ
၁၂:၀၀	ကျီးသဲမြို့မှ စည်းလုံးချည်
၁၂:၁၀	Opening Ceremony 2010 of B'coz Fashion Centre
၁၂:၃၀	Activities in the City (DAC အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ)
၁၂:၄၀	ကျေးဇူးဆပ်ရန်ရည်သန် စွယ်တော်မြတ်ဓာန်
၁:၀၀	ဆရာတော်အရှင်ပုညာနန္ဒ ဟောကြားတော်မူသောတရားတော်
၂:၀၀	MRTV-4 သတင်း
၂:၄၅	သူတို့ပြောတဲ့သူတို့အကြောင်း (မင်းသားကြီးရဲစိန်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၃:၂၀	To ... Golf ချစ်သူများ
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၄)
၄:၀၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄:၃၀	Activities in the City (အခြေခံပညာ ကာယပညာဆရာ ဆရာမများ သက်ကြီးပူဇော်ပွဲ)
၄:၅၀	**ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
၅:၀၀	ထွန်းကားပြန့်ပွားစေရာ သုဝဏ္ဏဘူမိသာသနာ
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	World of Knowledge (Lord of the Rings On Stage)
၇:၁၀	လှပသစ်ဆန်း အလှပြင်ခန်း (Inya Day Spa)
၇:၂၀	FMF Selection
၈:၀၀	MRTV-4 သတင်း
၈:၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ (အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် စိတ်ကျန်းမာရေး)
၉:၀၀	VJ Choice
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၄)
၁၀:၀၀	သူတို့ပြောတဲ့သူတို့အကြောင်း (မင်းသားကြီးရဲစိန်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၀:၂၅	လှပသစ်ဆန်း အလှပြင်ခန်း (Inya Day Spa)
၁၀:၃၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀:၅၀	မွန်တို့မြေမှ ရှေးဟောင်းအမွေအနှစ်တို့ တည်ရှိရာ
၁၁:၁၀	MRTV-4 ကျန်းမာရေးကဏ္ဍ (အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် စိတ်ကျန်းမာရေး)
၁၁:၃၅	သင့်မိသားစုနှင့် သင့်ပိုင်ဆိုင်မှုများအတွက်
၁၁:၅၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ မေတ္တာရပ်ခံချက်အရ နှစ်နိုင်ငံချစ်ကြည်ရေးကို အလေးထားသောအားဖြင့် အမေရိကန်နိုင်ငံသားခံယူထားသူ ညီညီအောင်(ခ) ကျော်ဇောလွင်အပေါ် ချမှတ်ထားသော ပြစ်ဒဏ်များအား လွတ်ငြိမ်းသက်သာခွင့်ပြုပြီး ပြည်နှင်ဒဏ် အမိန့်ထုတ်ပြန်

နေပြည်တော် မတ် ၁၈

မူလမြန်မာနိုင်ငံသားဖြစ်ပြီး အမေရိကန်နိုင်ငံသားခံယူထားသူ ညီညီအောင်(ခ) ကျော်ဇောလွင် အသက်(၄၀) (ဘ)ဦးအောင်ဒင်သည် အမေရိကန်နိုင်ငံကူး လက်မှတ်အမှတ်(၇၁၁၈၅၁၄၆၅) ကိုင်ဆောင်လျက် ထိုင်းလေကြောင်းခရီးစဉ်အမှတ် TG-305 ဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်လေဆိပ်သို့ ၂၀၀၉ ခုနှစ် စက်တင်ဘာ ၃ရက်တွင် ရောက်ရှိခဲ့သည်။

ညီညီအောင်(ခ) ကျော်ဇောလွင်သည် ၁၉၈၈ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံမှ တရားမဝင်ထွက်ခွာသွားပြီး အမေရိကန်နိုင်ငံသားခံယူခဲ့သည်။ ၎င်းနောက် မြန်မာနိုင်ငံအတွင်းသို့ အကြိမ်ကြိမ်ဝင်ရောက်၍ တရားမဝင်ဖွဲ့စည်းထားသော ဆန့်ကျင်ဘက်အဖွဲ့များ၏ လှုပ်ရှားမှုများကို ထောက်ပံ့အားပေးခြင်း၊ သံဃာများ ဆူပူမှုဖြစ်စေရန် ပြည်တွင်းရှိဆန့်ကျင်သူများနှင့် ဆက်သွယ်ထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့သည်။ ညီညီအောင်(ခ) ကျော်ဇောလွင်ထံမှ ကွန်ပျူတာလက်(ပ်)တော့(ပ်)နှင့် ဆက်စပ်ပစ္စည်းများ၊ နိုင်ငံခြားငွေများ၊ စန်းနိုင်အမည်ပါ ညီညီအောင်၏ ဓာတ်ပုံကပ်ပြီး လိမ်လည်အတုပြုလုပ်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို သိမ်းဆည်းရမိခဲ့သည်။

ညီညီအောင်(ခ)ကျော်ဇောလွင်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၆၈)၊ နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေးဥပဒေပုဒ်မ ၂၄(၁)နှင့် နိုင်ငံသားမှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ ၆(၂)/၆(၃)တို့အရ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် စုစုပေါင်းပြစ်ဒဏ်(၃)နှစ် ချမှတ်ခြင်းခံခဲ့ရသည်။

ပြည်နှင်ဒဏ်အမိန့်ထုတ်ပြန်

သို့သော် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ မေတ္တာရပ်ခံချက်အရ နှစ်နိုင်ငံဆက်ဆံရေးကို အလေးထားသောအားဖြင့် အမေရိကန်နိုင်ငံသားခံယူထားသူ ညီညီအောင်(ခ)ကျော်ဇောလွင်အပေါ် ချမှတ်ထားသော ပြစ်ဒဏ်များအား လွတ်ငြိမ်းသက်သာခွင့်ပြုပြီး ပြည်နှင်ဒဏ်အမိန့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

၎င်းပြည်နှင်ဒဏ်အမိန့်အရ ညီညီအောင်(ခ)ကျော်ဇောလွင်သည် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ချန်ပီယံလိဂ်အားကစားသတင်း

လက်ရှိချန်ပီယံဘာကာ ကွာတားတက်ရောက် ဘော်ဒိုး အိုလံပီယာကို့စ်ကို အနိုင်ယူ

မြင့်မောင်စိုး ➤ စုစည်းသည်

မက်ဒရစ် မတ် ၁၈

ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအကျော့ပြိုင်ပွဲကို မတ် ၁၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားကြရာ ချန်ပီယံဘာကာက စတုဂတ်ကို ဂိုးပြတ်ကစားပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီ ဖြစ်သည်။

ဘာကာအတွက် ဂိုးများကို ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား တိုက်စစ်မှူးမက်ဆီက နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ပထမဆုံးအဖွင့်ဂိုးကို မက်ဆီက ပွဲစပြီး ၁၃ မိနစ်အကြာ ကိုက် ၂၀အကွာမှ ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယဂိုးကို ပီထရီတိုက ပွဲချိန် ၂၂ မိနစ်၌ သွင်းယူခဲ့ခြင်းဖြစ်သည်။ တတိယဂိုးကို မက်ဆီကပင် ပွဲချိန်မိနစ် ၆၀တွင် သွင်းယူပေးခဲ့သည်။ စတုတ္ထနှင့်ပွဲသိမ်းအနိုင်ဂိုးကိုမူ ဘိုဂျန်က ပွဲချိန် ၈၉ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဘာကာနှင့် စတုဂတ်တို့သည် ပထမအကျော့ပြိုင်ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ဘာကာက နှစ်ကျော့ပေါင်း ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်သွားသည်။

ဘာကာအတွက် အဖွင့်ဂိုးကို မက်ဆီက ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဘော်ဒိုး

ပြင်သစ်ကလပ် ဘော်ဒိုးနှင့် ဂရိချန်ပီယံ အိုလံပီယာကို့စ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဘော်ဒိုးက နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ဘော်ဒိုးအတွက် အဖွင့်ဂိုးကို ဂိုယာကတ်ဖ်က ပွဲစပြီး ငါးမိနစ်အကြာတွင် သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် အိုလံပီယာကို့စ်မှ ဂရိကစားသမား မီထရိုဂလိုက ချေပဂိုး သွင်းယူခဲ့သည်။ သို့သော်လည်း ချာမတ်ခ်က ပွဲပြီးရန် ငါးမိနစ်အလိုတွင် ဘော်ဒိုးအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ဘော်ဒိုးနှင့် အိုလံပီယာကို့စ်တို့သည် ပထမအကျော့က တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့၍ နှစ်ကျော့ပေါင်း ဘော်ဒိုးက သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်သွားသည်။ **(အင်တာနက်)**

အိုလံပီယာကို့စ်အသင်းကို အနိုင်ရပြီးနောက် ဘော်ဒိုးကစားသမားများ ဤသို့ အောင်ပွဲခံခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရမ်းဗြဲမြို့ ရမ္မာဝတီခန်းမ၌ မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်တော်သာမှ ရေချမ်းပြင်သို့ ထွက်ခွာလာသော မီးရထား စစ်တွေယာယီဘူတာသို့ ဆိုက်ရောက်ချိန်တွင် ရထားပေါ်၌ စီးနင်းလိုက်ပါလာကြသော တက္ကသိုလ်ကျောင်းသားကျောင်းသူများအား တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ရထားဖြင့် ကျောင်းတက်ကျောင်းဆင်း ဆောင်ရွက်မှု အခြေအနေကို မေးမြန်းကာ အားပေးစကား ပြောကြားသည်။

ပြီး အောင်ဒိုင်ရေချိုကန် ရေတွန်းစက်ရုံမှ ရှစ်လက်မပိုက်ဖြင့် ကန်တော်ကြီး သောက်ရေကန်သို့ ရေဖြည့်ကူဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့၏မြောက်ဘက် သင်္ဘောပြင်ကျေးရွာအနီးရှိ အောင်ဒိုင်ရေချိုကန်ရေတွန်းစက်ရုံသို့ရောက်ရှိကြရာစည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလရောင်က စစ်တွေမြို့ သောက်သုံးရေ

စစ်တွေမြို့ရှိ ပြည်သူများအား ရေဖြန့်ဝေပေးလျက်ရှိခဲ့ရာ နွေရာသီ ရောက်ရှိလာသည့်အခါတိုင်း ကန်ရေနည်းမှုကြောင့် ရေလိုအပ်မှု အခက်အခဲနှင့် ကြုံတွေ့ခဲ့ရသည်။

ရေဖူလုံစွာရရှိ

ယခုအခါ အောင်ဒိုင်ရေချိုကန်မှ ရေကို ရေတွန်းစက်ဖြင့် ကန်တော်ကြီး ရေကန်သို့

သူများ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ကျန်းမာရေး အခြေအနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် စီမံမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သံတွဲမြို့ မြပြင်ကျေးရွာအုပ်စု ဂျိတ္တောကျေးရွာရှိ လုံးသာဆိပ်ကမ်း တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သွားလာမှုအဆင်ပြေ

ယခုပြေးဆွဲနေသော မီးရထားသည် ပြည်တော်သာ-ရေချမ်းပြင် ခရီးအရှည် ၁၂မိုင်ကို နေ့စဉ် အသွားအပြန် နှစ်ခေါက်ဖြင့် စစ်တွေမြို့ရှိ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူများအပါအဝင် ခရီးသည်ပျမ်းမျှ ၁၀၀၀ ကျော်ခန့်အား ပို့ဆောင်ပေးနေခြင်းကြောင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ရထားလမ်းတစ်လျှောက်ရှိ ပြည်သူများ သွားလာမှု အဆင်ပြေကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေမြို့ မင်းကန်ရပ်ကွက်ရှိ ကန်တော်ကြီးသောက်ရေကန်သို့ ရောက်ရှိ

ဖူလုံရေးအတွက် ကန်တော်ကြီးသောက်ရေကန်သို့ အောင်ဒိုင်ရေချိုကန်မှ ရေတွန်းစက်ဖြင့် နေ့စဉ်ရေဖြည့် ကူပေးမှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် စီမံမှာကြားသည်။

ကန်တော်ကြီး သောက်ရေကန်သည် နှစ်စဉ်ရှာသွန်းသော မိုးရေကို သိုလှောင်ပြီး

ပြည်တော်သာမှ ရေချမ်းပြင်သို့ ထွက်ခွာလာသော မီးရထား စစ်တွေယာယီဘူတာသို့ ဆိုက်ရောက်လာစဉ်။ (သတင်းစဉ်)

နေ့စဉ် ရေဂါလန် ခြောက်သိန်း ဖြည့်ကူပေးခြင်းကြောင့် စစ်တွေမြို့မှ ပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိကြောင်း သိရှိရသည်။

ကြိုဆို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး လိုက်ပါလျက် စစ်တွေမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး နံနက် ၁၀ နာရီတွင် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်း၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော စိုင်းဒင်ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်အောင်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက စိုင်းဒင်ရေအားလျှပ်စစ်ထုတ်ယူရန် ခေတ်အဆက်ဆက်က ဆောင်ရွက်ခဲ့သော်လည်း အခြေအနေအရပ်ရပ်ကြောင့် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့သည့် သမိုင်းကြောင်းနှင့် တာဝန်ခံဆောက်လုပ်မည့် ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်မှ ဦးအောင်ဇော်နိုင်က အခြေခံစခန်းစီမံထားရှိမှု၊ဘူမိဗေဒ နှင့် မိုးလေဝသဆိုင်ရာ စူးစမ်းလေ့လာမှု၊ မြေပြင်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စီမံကိန်းရှင်းလင်းဆောင် ရှုရပ်မှ စိုင်းဒင်ရေအားလျှပ်စစ် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စိုင်းဒင် ရေအားလျှပ်စစ်စီမံကိန်းကို KTA ကုမ္ပဏီက ၁၉၅၆ ခုနှစ်တွင် အပြီးသတ်ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာ ရေးဆွဲဆောင်ရွက်ခဲ့သော်လည်း အဆိုပါဒေသသည် သောင်းကျန်းသူများရှိ၍ လုံခြုံမှုမရှိသဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ဘဲ ယခုတည်ငြိမ်အေးချမ်းမှုရှိသည့် တပ်မတော်အစိုးရလက်ထက်မှသာ နှစ်စဉ်ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၂၀ ထုတ်လုပ်မည့် အလတ်စားရေအားလျှပ်စစ်စီမံကိန်းတစ်ခုအဖြစ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

စိုင်းဒင်ရေအားလျှပ်စစ် စီမံကိန်းပြီးစီးပါက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြို့ ၁၀ မြို့၏ လျှပ်စစ်ဓာတ်အား လိုအပ်မှုကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်သာမက ရခိုင်ပြည်နယ်အတွင်းရှိ မြို့များအားလုံးကိုပါ လိုအပ်သည့်လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။ **စာမျက်နှာ ၈ ကော်လံ ၁**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မတ် ၁၈

အမှတ်(၁)စက်မှုအထူးဈေးရောင်းပွဲ လက်ပံတန်း၌ကျင်းပ

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို မတ် ၉ရက် နံနက် ၈နာရီက ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့ မင်းရပ် ရပ်ကွက် ၂လမ်း၌ ကျင်းပရာ ပဲခူးတိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအေးညိုညို၊ ပုဂံစက် (သာယာဝတီ) စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ (၁၇၅)

ဈေးသန့်ရှင်းသပ်ရပ်ရေး မိုးကောင်း၌ဆောင်ရွက်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သည် ဖေဖော်ဝါရီ ၆ရက်က နမ္မတီး၊ ကံလှ၊ လမ်းခွနှင့် မရမ်းစံပြကျေးရွာ အုပ်စုများသို့ကွင်းဆင်း၍ ကျေးလက်ဈေးများ ဈေးအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်မှု ရှိစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဈေးသည်များစည်းကမ်းတကျ ရောင်းချရေးတို့ကို ကြပ်မတ်ဆောင်ရွက်သည်။ (၀၀၁)

ကျေးလက်ရေပေးရေးလုပ်ငန်း ဖားကန့်၌ ဆောင်ရွက်

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် လုပ်ငန်းဖြစ်သည့် မော်ဝမ်းရပ်ကွက် ကျောက်စိမ်းတောင် အုပ်စုတွင် ရေဝေကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၄ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဝင်းတို့ ကြီးကြပ်ခဲ့ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနိုင်ထွန်းလှိုင်က လုပ်ငန်းဆောင်ရွက်မှုများကိုရှင်းလင်းတင်ပြသည်။ ***(မြို့နယ်စည်ပင်)***

မြို့သန့်ရှင်းသာယာလှပရေး ညောင်ရွှေ၌စိုက်ပျိုး

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၇ရက်က ဖောင်တော်ဆိုက် လမ်းဘေးတစ်လျှောက် ပန်းအလှပင်များစိုက်ပျိုးခြင်းနှင့် ရေလောင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးလင်းထွဋ် ကြီးကြပ်ဆောင်ရွက်ပေးသည်။ (၀၂၁)

ပဲခူး၌ အော်တိုတယ်လီဖုန်းအသစ်များ ထပ်မံတပ်ဆင်မည်

ပဲခူးတိုင်း(အရှေ့ပိုင်း) ပဲခူးမြို့ပေါ်ရှိ ရပ်ကွက်များသို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းများ ထပ်မံတိုးချဲ့တပ်ဆင်ပေးရန်အတွက် တယ်လီဖုန်းလျှောက်လွှာများ စတင်ခေါ်ယူလျက်ရှိသည်။

(မြို့နယ် ပြန်/ဆက်)

ဆင်ဘိုမြို့၌ DTH စလောင်းပေးအပ်လှူဒါန်း

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့ တောပင်လုံကျေးရွာတွင် DTH စလောင်း ပေးအပ်လှူဒါန်းပွဲကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဖေဖော်ဝါရီ ၂၃ရက်ကကျင်းပရာ မြစ်ကြီးနားခရိုင် အသင်းအတွင်းရေးမှူး ဒေါက်တာခင်မောင်ထွန်းနှင့်အဖွဲ့က DTH စလောင်းပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်မြတ်က လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

ရွှေဘို၌ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေး

ပြည်ပမှ တရားမဝင်တင်သွင်းထားသည့် အရက်၊ ဘီယာ၊ ဝိုင်၊ စီးကရက်နှင့် သောက်ရေသန့်အမျိုးမျိုးအပေါ် အခွန်အခများပေးဆောင်စေပြီး အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ဈေးကွက်တွင်တရားဝင်ရောင်းချစေရေး လုပ်ငန်းစီမံချက်ရှင်းလင်းပွဲကို မတ် ၅ရက်က စစ်ကိုင်းတိုင်း ရွှေဘိုမြို့ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်သိန်းက စီမံချက်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

(ခရိုင် ပြန်/ဆက်)

မိုးမောက် ဟသ်ာကျေးရွာ၌ တက်နေလင်းစာကြည့်တိုက်ဖွင့်

ကချင်ပြည်နယ် မိုးမောက်မြို့နယ် စီကော်အုပ်စု ဟသ်ာကျေးရွာ၌ မတ် ၉ရက် မွန်းလွဲ ၂နာရီက တက်နေလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်ဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်လွန်းနန်းထွေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမျိုးမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

နွားထိုးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး နှိုးဆော်

နွားထိုးကြီးမြို့ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတိမူရန် နွားထိုးကြီးမြို့နယ် မီးသတ်ဦးစီးဌာနက မြို့ပေါ်ရှစ်ရပ်ကွက်သို့ ဖေဖော်ဝါရီ ၂၄ရက်က လှည့်လည်၍ မီးဘေးကြိုတင်ကာကွယ်ရေး (၁၉)ချက်အား လိုက်နာဆောင်ရွက်ကြရန်၊ နေအိမ်တိုင်းသန့်ရှင်းကြရန်နှင့် စက်သုံးဆီရောင်းဝယ်သိုလှောင်ခြင်း၊ မီးကို အချိန်ကန့်သတ်သုံးစွဲခြင်းနှင့် မီးငြိမ်းသတ်မည့်ပစ္စည်းများ ထားရှိရေးတို့ကို လိုက်လံနှိုးဆော်ကြသည်။ ။ (၀၉၂)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပုဏ္ဏားကျွန်းဘူတာ၌ မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး နံနက် ၁၁နာရီ ၃၅ မိနစ်တွင် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးဇော်သိန်းနှင့် အုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖောက်လုပ်နေ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဏ္ဏားကျွန်းဘူတာသို့ ရောက်ရှိကြပြီး ပုဏ္ဏားကျွန်း-ယိုးတရုတ် မီးရထားလမ်းပိုင်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပုဏ္ဏားကျွန်းဘူတာ၌ မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးကိစ္စများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရေး စီမံမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများအား အဝတ်အထည်၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်သည်။



မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်ရှိ စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ပုဏ္ဏားကျွန်း-ယိုးတရုတ် မီးရထားလမ်းပိုင်း ဖောက်လုပ်နေမှုကို ဝေဟင်မှတွေ့ရစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် စစ်တွေမြို့မှ ရန်ကုန်မြို့အထိ မီးရထားဖြင့် သွားလာနိုင်ရန် စစ်တွေ-အမ်း-မင်းဘူး မီးရထားလမ်းကို ဖောက်လုပ်လျက်ရှိရာ ပြည်သူများ စောစီးစွာ အသုံးပြုနိုင်ရေးအတွက် ရထားလမ်းများကို အပိုင်းလိုက် ဖောက်လုပ်လျက်ရှိ၍ ၂၀၀၉ခုနှစ် မေလတွင် ပြည်တော်သာ-ရေချမ်းပြင် ခရီးအရှည် ၁၂မိုင်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ယခုအခါ မင်းချောင်းတံတားအနီးရှိကွမ်းတောင်ဘူတာမှ ယိုးတရုတ်ဘူတာအထိ ခရီးအရှည် ၂၄မိုင်ရှိ မီးရထားလမ်းပိုင်းကို ၂၀၁၀ခုနှစ် မေလတွင် ဖွင့်လှစ်နိုင်ရေးနှင့် ယိုးတရုတ်-ကျောက်တော် ခရီးအရှည် ၁၈မိုင်ကို ၂၀၁၀ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်ပေးနိုင်ရေးတို့ကို ကြိုးပမ်းဖောက်လုပ်လျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဏ္ဏားကျွန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးအောင်စန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများအား အဝတ်အထည်များ၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများအား အဝတ်အထည်၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်သည်။

ကြိုဆို

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာခဲ့ပြီး ညနေ ၃နာရီ ၁၅ မိနစ်တွင် ရမ်းဗြဲမြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးဝင်းဌေးဦးနှင့် အုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရမ်းဗြဲမြို့ ရမ္မာဝတီခန်းမ၌ မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စစ်တွေမြို့ မင်းကန်ရပ်ကွက်ရှိ ကန်တော်ကြီးသောက်ရေကန်အတွင်း ရေဖြည့်ကူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရမ်းဗြဲမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ သံတွဲမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။

ရခိုင်ပြည်နယ် သံတွဲမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ်သည် ယနေ့နံနက် ၇နာရီ ၄၅မိနစ်တွင် သံတွဲမြို့ တပ်နယ်ခန်းမ၌ မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အသုံးအဆောင်ပစ္စည်းပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများအား အဝတ်အထည်၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သံတွဲမြို့မှ တောင်ကုတ်မြို့သို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာချိန်တွင် သံတွဲလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့နေမှု အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နံနက် ၉ နာရီတွင် တောင်ကုတ်မြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးညိုစောနှင့် အုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တောင်ကုတ်မြို့ တပ်နယ်ရိပ်သာခန်းမ၌ မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများအား အဝတ်အထည်၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ကုတ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းသို့ ရောက်ရှိကြရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစန်းဝေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စီမံကိန်းရှင်းလင်းဆောင်ရွက်ရပ်မှ

ပစ္စည်းများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရမ်းဗြဲမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ သံတွဲမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။

ရခိုင်ပြည်နယ် သံတွဲမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ်သည် ယနေ့နံနက် ၇နာရီ ၄၅မိနစ်တွင် သံတွဲမြို့ တပ်နယ်ခန်းမ၌ မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

အသုံးအဆောင်ပစ္စည်းပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများအား အဝတ်အထည်၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သံတွဲမြို့မှ တောင်ကုတ်မြို့သို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာချိန်တွင် သံတွဲလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့နေမှု အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နံနက် ၉ နာရီတွင် တောင်ကုတ်မြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးညိုစောနှင့် အုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တောင်ကုတ်မြို့ တပ်နယ်ရိပ်သာခန်းမ၌ မြို့မိမြို့ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများအား အဝတ်အထည်၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ကုတ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး သူဌေးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းသို့ ရောက်ရှိကြရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစန်းဝေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ သူဌေး ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက သူဌေးရေအားလျှပ်စစ်စီမံကိန်း၏ ရည်ရွယ်ချက်၊ တမံတည်နေရာ၊ ပင်မတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်လိုဏ် တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေထိန်းတံခါး တည်ဆောက်ခြင်းလုပ်ငန်း၊ စက်ယာဉ်ယန္တရားများ ရောက်ရှိအသုံးပြုမှုနှင့် ဝန်ထမ်းအင်အားတို့ကို ရှင်းလင်းတင်ပြသည်။

ပေါင်းစပ်ညှိနှိုင်း

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း စီမံဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှုရပ်မှ သူဌေးရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်အကောင်အထည်ဖော်နေမှုကို ထပ်မံကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်ပေးနိုင်

သူဌေးရေအားလျှပ်စစ် စီမံကိန်းသည် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂မိုင်ခန့်အကွာ သူဌေးချောင်းပေါ်တွင် တည်ရှိပြီး တမံအမျိုးအစားမှာ ဖုန်အမျိုးအစားတမံဖြစ်သည်။ တမံအလျား ၂၀၂၈ ပေ၊ တမံအမြင့် ၂၉၈ ပေနှင့် ရေလွှဲဥမင် နှစ်ခုပါရှိပြီး တပ်ဆင်စက်အင်အား ၁၁၁ မဂ္ဂါဝပ်ဖြစ်ကာ နှစ်စဉ်ပျမ်းမျှဓာတ်အား ၃၈၆ သန်း ကီလိုဝပ်နာရီ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ယခုအခါ သူဌေးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၂၀ ဒသမ ၂၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

စီမံကိန်းလုပ်ငန်း ပြီးစီးသွားပါက ရခိုင်ပြည်နယ် တောင်ပိုင်းဒေသတစ်ခုလုံးကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သူဌေးရေအားလျှပ်စစ်စီမံကိန်းမှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာခဲ့ကြရာ သံတွဲမြို့သို့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိကြသည်။

စီမံဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သံတွဲမြို့ မြပြင်ကျေးရွာအုပ်စု ဂျိတ္တောကျေးရွာရှိ လုံးသာရေဆိပ်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိ၍ လုံးသာဆိပ်ကမ်း တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းမှာကြား စီမံဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သံတွဲလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ဖောက်လုပ်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လေယာဉ်ပြေးလမ်း ပေ ၁၂၀၀၀အထိ တိုးချဲ့ရန် စီမံထားမှု၊ ပထမအဆင့်အနေဖြင့် ပေ ၈၅၀၀ မြေသားလမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြား စီမံဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံတွဲလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ မွန်းလွဲ ၂ နာရီ မိနစ် ၅၀တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်တော်သာမှ ရေချမ်းပြင်သို့ ထွက်ခွာသည့် မီးရထားတွင် စီးနင်းလိုက်ပါကြသော တက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား စစ်တွေယာယီဘူတာမှ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စိုင်းဒင်ရေအားလျှပ်စစ် စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ဖွံ့ဖြိုးမှုနောက်ကျ

နိုင်ငံတော်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်ရှိ မြို့နယ်များသို့ သွားရောက်၍ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် **ရခိုင်ပြည်နယ်သည် ယခင်က သောင်းကျန်းမှုဒဏ်ကြောင့် တည်ငြိမ်အေးချမ်းမှု မရှိခဲ့၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း။**

တပ်မတော်အစိုးရ တာဝန်ယူသည့်ကာလတွင် ရေလမ်းခရီးကိုသာ အားကိုးနေရသည့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် ပဲခူးတိုင်းအနောက်ပိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့ကို ဆက်သွယ်သွားလာနိုင်သည့် ကားလမ်းမကြီးသုံးသွယ် ဖောက်လုပ်ပေးခြင်း၊ ရန်ကုန်မြို့အထိ မီးရထားဖြင့် သွားလာနိုင်ရန် စစ်တွေ-အမ်း-မင်းဘူး မီးရထားလမ်း ဖောက်လုပ်ပေးခြင်းတို့အပြင် စစ်တွေနှင့်သံတွဲ လေဆိပ်တို့ကို မူလကထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးနေကြောင်း။

ဆည်တမံများတည်ဆောက်ထား

စိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက် ဆည်တမံများကိုလည်း တည်ဆောက်ထားကြောင်း၊ ရခိုင်ပြည်နယ်အတွင်း သူဌေးနှင့် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းများကို တည်ဆောက်လျက်ရှိပြီး စိုင်းဒင်နှင့် လေးမြို့ရေအားလျှပ်စစ် စီမံကိန်းများကိုပါ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းရေအားလျှပ်စစ်စီမံကိန်းများပြီးစီးပါက ရခိုင်ပြည်နယ်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို လွှမ်းခြုံ ပြည့်စုံသွားမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်တွင် လယ်ယာ၊ သားငါး၊ သစ်တောစသည့် သဘာဝသယံဇာတများ ရှိပြီးဖြစ်၍ ယင်းတို့ကို ထုတ်ယူသုံးစွဲရန် ကျန်းမာကြံ့ခိုင်သည့် အသိပညာ၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ယင်းလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် အခြေခံပညာကဏ္ဍ အဆင့်မြင့်မားရေးအတွက် ကျောင်းများ တိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင် ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြင့်ပညာ သင်ကြားနိုင်ရန် စစ်တွေမြို့တွင် ဝိဇ္ဇာ/ သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် တစ်ခုစီ ဖွင့်လှစ်ပေးထား၍ မိမိတို့ဒေသအတွင်း၌ပင် လွယ်ကူသက်သာစွာ အဆင့်မြင့်ပညာများ သင်ယူနိုင်ကြပြီဖြစ်ကြောင်း။

ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်စေရန် ကျေးလက်နှင့်မြို့များတွင် ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ အထူးကုဆရာဝန်များ ခန့်အပ်ပေးထား၍ ဒေသတွင်း၌ပင် ထိရောက်သော ကုသမှု၊ ကျန်းမာရေး စောင့်ရှောက်မှုများ ရရှိနေပြီဖြစ်ကြောင်း။

အစဉ်ထိန်းသိမ်း

ပြည်ထောင်စုကြီးအတွင်း၌ တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည်ဖြစ်၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး (၃)ပါးကို နိုင်ငံသားတိုင်းလက်ခံပြီး အစဉ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး။

နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဖွံ့ဖြိုးမှု အခြေခံကောင်းများကို မိမိတို့ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် အကျိုးရှိစွာ အသုံးချပြီး သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရရှိပြီးဖြစ်သည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုက်တွန်းမှာကြားခဲ့သည်။ (သတင်းစဉ်)

ဖွံ့ဖြိုးစည်ပင်လာသည့် ရခိုင်ပြည်နယ် မောင်တောမြို့မြင်ကွင်း

သတင်းခရီးသည်နှင့်ဓာတ်ပုံမှတ်တမ်း - သတင်းထောက်စဥ့်ကူစိုးဝင်း ➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၈

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော သတင်းခရီးသည်ကို မောင်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းက ဘူးသီးတောင် ထွေ/အုပ်ရိုပ်သာသို့ လာရောက်တွေ့ဆုံ ခေါ်ဆိုကြသည်။ လမ်းခရီးတစ်လျှောက် ဘူးသီးတောင်-မောင်တောကားလမ်းဘေး လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စုအတွင်းရှိ နွေစပါးစိုက်ခင်းများမှာ မြင်ရသူတိုင်း စိတ်ရွှင်လန်းချမ်းမြေ့ဖွယ် စိမ်းစိုလှပနေတော့သည်။

အောင်မြင်မှု

ဘူးသီးတောင်မြို့နယ်ဥက္ကဋ္ဌမှာ ဘူးသီးတောင်-တောင်ဘဇာလမ်း ဖောက်လုပ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်နေသဖြင့် နွေစပါးခင်းကို လိုက်မပြနိုင်သော်လည်း နယ်နိမိတ်ချင်းထိစပ်နေသည့် မောင်တောမြို့နယ်ဥက္ကဋ္ဌက လိုက်ပြသဖြင့် နွေစပါးနှင့် ဆောင်းသီးနှံ ဘူးသီးတောင် မြို့နယ်အတွင်း တစ်ဆက်တစ်စပ်တည်း အောင်မြင်မှုကို တွေ့ရသည်။

စိုက်ပျိုးထား

လမ်းခရီး မော်တော်ကားပေါ်၌ မောင်တောမြို့နယ်ဥက္ကဋ္ဌက မောင်တောမြို့မှာလည်း အလားတူ နွေစပါး၊ ဆောင်းသီးနှံများ အောင်မြင်စွာ စိုက်ပျိုးထားကြောင်း၊ မောင်တောမြို့သည် နယ်စပ်မြို့ဖြစ်သည်နှင့်လျော်ညီစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

လမ်းပန်းဆက်သွယ်မှု လွယ်ကူအဆင်ပြေစေရေးအတွက် ဘူးသီးတောင်-မောင်တောကားလမ်းရှိ လိုဏ်ဂူကြီးရှောင်ကွင်းလမ်း ဖောက်လုပ်ရန် စက်ယန္တရားကြီးများဖြင့် မြင့်မားသည့် တောင်ကုန်းများကို ဖြိုချကာ ဤသို့ ဖောက်လုပ်လျက်ရှိသည်။ (မြန်မာ့အလင်း)

ကောင်စီတို့၏ ကြီးကြပ်ညွှန်ကြား ကူညီမှုဖြင့် မနေ့ကနှင့် ယနေ့မတူ ပို၍တိုးတက်လာပြီဖြစ်ကြောင်း အားပါးတရ ပြောပြပါသည်။

သတင်းခရီးသည်မှာ ၁၉၉၅ ခုနှစ်မှစ၍ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်၊ မောင်တောမြို့များသို့ အကြိမ်ကြိမ်ရောက်ခဲ့ဖူးရာ မြို့ပြဖွံ့ဖြိုးမှုနှင့် လမ်းပန်း ဆက်သွယ်ရေး ဆောင်ရွက်ထားမှုများ တစ်နေ့တခြား တိုးတက်လာမှုများကို မြင်တွေ့ခဲ့ရသည်။ ဘူးသီးတောင်-မောင်တော လမ်းမကြီးပေါ်တွင် မေယုတောင်တန်းကြီးကို ထွင်းဖောက်ကာ ဆောက်လုပ်ထားသော နာမည်ကျော် လိုဏ်ခေါင်းကြီး နှစ်ခုကိုလည်း ကြည့်ရှုဖြတ်သန်းခဲ့ဖူးသည်။

လိုဏ်ဂူကြီးမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၀၀ကျော် ရှိပြီဖြစ်သည့်အပြင် မိုးကြီးမိုးသည်းသော ဒေသဖြစ်သည့်အတွက် မိုးရေစိမ့်ယိုမှုနှင့် သဘာဝတောဆင်ရိုင်းတို့၏ အန္တရာယ်မှ ကင်းဝေးစေရန်အတွက် နိုင်ငံတော်က ကျပ်သိန်း ၃၀၀၀ ကျော် အကုန်အကျခံကာ မြင့်မားသော တောင်တန်းကြီးများကို စက်ယန္တရားများဖြင့် ဖြိုချလျက် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။

မြင်ကွင်း

လိုဏ်ဂူကြီးမှ မောင်တောမြို့နယ်သို့ ထွက်လာသည်နှင့် သံကူကွန်ကရစ်တံတားကြီး၊ ငယ်များကို တွေ့ရသည်။ မနှစ်က အဆိုပါတံတားများနေရာတွင် သစ်သားတံတားများသာရှိသည်။ မိုးတွင်း၌ တောင်ကျရေဖြင့် ရေစီးသန်သည့် နေရာများတွင် သစ်သားတံတားများအစား ခိုင်ခံ့သည့် ကွန်ကရစ်တံတားများနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် အစားထိုး တည်ဆောက်ထားခြင်းမှာ တိုးတက်မှု မြင်ကွင်းတစ်ရပ်ပင်ဖြစ်သည်။

နယ်စပ် လူဝင်မှုကြီးကြပ်ရေးဂိတ်လေးမိုင်ဂိတ်လွန်သည်နှင့် မြို့သူကြီးရွာအနီး လရောင်အောက်၌ နက်ပြောင်နေသော ကတ္တရာလမ်းမကြီးကို တွေ့ရသည်။ ဘူးသီးတောင်မှ မောင်တောသို့ သွားရာလမ်းတစ်လျှောက်လုံး ချိုင့်ခွက်များ မတွေ့ရတော့ပါ။ လမ်းလုပ်သားများ၏ လမ်းနှင့် တံတားများပြုပြင်ဆဲလုပ်ငန်းကို လရောင်အောက်၌ တွေ့ရသည်။

မောင်တော တည်းခိုရိပ်သာသို့ ရောက်သည်နှင့် ကြံတောင့်ကြံခဲ ရခိုင်ပြည်နယ် နယ်စပ်မြို့ မောင်တောမြို့၏ အစဉ်အလာမပျက် နှစ်စဉ်ကျင်းပသည့် ရခိုင်ရိုးရာ ရထားဆွဲပွဲ အခမ်းအနားသို့ တက်ရောက်အားပေးခဲ့သည်။

“မောင်တောမြို့ကို မနေ့က၊ ဒီနေ့ မနက်ဖြန် မတူအောင် အဘက်ဘက်မှ တိုးတက်မှုတွေနဲ့ ကြိုးစားထားပါတယ်”

ဦးတင်အုန်း၊ ဥက္ကဋ္ဌ
မြို့နယ်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ၊
မောင်တောမြို့။

မောင်တောမြို့မဈေးကြီးရှေ့ မင်းဘာကြီးလမ်းမပေါ်တွင် ရခိုင်ရိုးရာအကနှင့် အနိုင်ရသူများ၏ သံချပ်ထိုးပွဲ စင်မြင့်ကြီးနှင့် ညှော့ခံမဏ္ဍပ်ကြီးတို့မှာ မော်တော်ကားလမ်းသာခြားပြီး မျက်နှာချင်းဆိုင်ကာ တိုင်းရင်းသားတို့၏ ရိုးရာပွဲကို ဂုဏ်ပြုဆောက်ထားဘိအလား ကြီးကျယ်ခမ်းနားလှပါဘိ။

ဖွင့်လှစ်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်နှင့်အဖွဲ့ဝင်များ ရောက်ရှိလာပြီး ပြိုင်ပွဲကို ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် ကျင်းပရေးကော်မတီဝင် ဦးမြအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် စင်မြင့်ပေါ်ရှိ အလျားပေ ၄၀×အမြင့်ပေ၂၀ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ကြပ်ကြီးထွန်းအေး ရေးဆွဲသည့် “ရခိုင်ရိုးရာရထားဆွဲပွဲ” အမည်ဖြင့် ရေးဆွဲထားသည့် လွန်စွာပန်းရသော ပန်းချီကားကြီးကို ဖွင့်လှစ်ပေးကာ မောင်တောယဉ်ကျေးမှုအဖွဲ့က မုနိပူဇာချီမီးခွက်အကနှင့် ရထားပန်းလိုင်အကများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ဒေသခံအမျိုးသားများနှင့် အမျိုးသမီးများက ရခိုင်ပညာရှိ သျှင်မြငါကိုဂုဏ်ပြု၍ ဝါးညွှန့်စိုက်ထားသည့် ရထားကို တစ်ဖက်စီဆွဲကြရာ အမျိုးသားအဖွဲ့က သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရ၍ ဗဟိုစင်မြင့်တွင် တပျော်တပါး ကခုန်သံချပ်ထိုးကြသည်။

တပို့တွဲလပြည့်နေ့ ပတ်ဝန်းကျင်သာ ကျင်းပရသည့် ရခိုင်ရိုးရာ ရထားဆွဲပွဲသည် စစ်တွေမြို့ မိဖုံရပ်ကွက်၊ မင်းပြားမြို့၊ မောင်တောမြို့တို့၌ တစ်ပြိုင်တည်း ကျင်းပကြသဖြင့် စာဆိုဥက္ကာပျံ၏ ရထားသဘင်ပွဲ တပို့တွဲလရာတွင် “ရာသီကုံလွဲ၊ တပို့တွဲသည် လွမ်းဖွေပင်၊ ပျော်ရွှင်လူ့ရပ်မြေ၊ ရထားသဘင်၊ နှစ်စဉ်ငင်သည်၊ သောင်းခွင်ဤလူ့ပြည်ထက် ပျော်ရွှင်ဖွယ်လူတို့၌” ဟု ပါသည့်အတိုင်း နယ်စပ်မြို့ဒေသခံတို့၏ ရိုးရာပွဲမှာ ကြည်နူးစရာပင်ဖြစ်သည်။

နောက်နေ့နံနက်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းဝေ၊ မြို့နယ်မြေစာရင်းမှူး ဦးလှထွန်းဖြူတို့သည် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်ထံ သွားရောက်၍ ခရီးစဉ်ကို တင်ပြခဲ့သည်။

ရည်ရွယ်ဖောက်လုပ်

ခရိုင်ဥက္ကဋ္ဌက ဘူးသီးတောင်-မောင်တောသွား မော်တော်ကားလမ်းမပေါ်တွင် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားများ မရှိမဖြစ်လိုအပ်သည့် မိုင်တိုင်အမှတ် ၇/၇ရှိ သုံးဖာလုံခန့် ရှည်လျားသော လိုဏ်ဂူကြီး ရှောင်ကွင်း လမ်းဖောက်လုပ်ရန် ယန္တရားစက်ကြီးများဖြင့် မြေကြီးလုပ်ငန်းကို ၂၀၀၉ခုနှစ် နိုဝင်ဘာ ၁၁ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးရာသီတွင် ပေ ၆၅၀ ရှည်လျားသည့် အဆိုပါလိုဏ်ဂူကြီးအတွင်းမှ မော်တော်ယာဉ်များ ဖြတ်သန်းမသွားဘဲ ရှောင်ကွင်းလမ်းမှ သွားနိုင်ရန် ကျောက်ချောလမ်းအမျိုးအစား ရည်ရွယ်ဖောက်လုပ်ခြင်းဖြစ်ကြောင်း ပြောပြသည်။

မောင်တောမြို့နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်အစွန်ဆုံးတွင် တည်ရှိသော နယ်စပ်မြို့တစ်မြို့ဖြစ်ပြီး မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အရှေ့ဘက်တွင် ဘူးသီးတောင်မြို့နယ်၊ တောင်ဘက်တွင် ရသေ့တောင်မြို့နယ်၊ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နတ်မြစ်တို့တည်ရှိသည်။ မောင်တောမြို့နယ်သည် တောင်နှင့်မြောက် အလျားလိုက် သွယ်တန်းလျက်ရှိကာ အလျား ၇၂မိုင်၊ အနံ ၈ ဒသမ ၁၄မိုင်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၁၀ ပေမြင့်၍ ဧရိယာစတုရန်းမိုင်ပေါင်း ၅၈၅ ဒသမ ၈၂ မိုင် ကျယ်ဝန်းသည်။

နိုင်ငံတော်တစ်ဝန်း ဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံတကာဗဟုသုတများ သိရှိနားလည်ရန် ကြိမ်ချောင်းကျေးရွာ ပညာဘဏ်တိုက်စာကြည့်တိုက်၌ ဒေသခံများ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများဖတ်ရှုနေမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည်သည် မြို့နယ်ဥက္ကဋ္ဌအဖွဲ့နှင့်အတူ မော်တော်ယာဉ်များဖြင့် ဆောင်းသီးနှံ၊ နွေစပါး စိုက်ပျိုးထားမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို သွားရောက်ကြည့်ရှု လေ့လာကြသည်။

ရှေးဦးစွာ မြို့သူကြီးရွာအနီးရှိ စားဖိုဆောင် ဆောင်းသီးနှံစိုက်ခင်းသို့ ရောက်ရှိရာ မျက်စိတစ်ဆုံးမြင်တွေ့ရသည့် စိုက်ခင်းကြီးက အားရစရာပင်ဖြစ်သည်။ မြို့နယ်ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးမန်နေဂျာ၊ မြို့နယ်မြေစာရင်းမှူးနှင့် ခရီးသည်တို့ စားဖိုဆောင်သီးနှံ စိုက်ခင်းအတွင်း ကွင်းဆင်းကြည့်ရှုနေစဉ် ထမ်းပိုးဖြင့် တောင်းနှစ်လုံးထမ်းလာသူတစ်ဦးနှင့် တွေ့ဆုံသဖြင့် ဒေသဈေးနှုန်းကို မေးမြန်းရာ ကြက်ဟင်းခါးသီး တစ်သိုက် (၆၀ကျပ်သား) ငွေကျပ် ၂၀၀၊ အာလူး(တစ်သိုက်) ငွေကျပ် ၂၀၀မှ ငွေကျပ် ၂၅၀၊ ခရမ်းသီး(တစ်သိုက်) ငွေကျပ် ၅၀မှ ငွေကျပ် ၁၀၀၊ ငရုတ်သီး (တစ်သိုက်) ငွေကျပ် ၂၀၀၊ ငရုတ်သီးခြောက်(တစ်သိုက်) ငွေကျပ် ၁၂၀၀၊ ဂေါ်ဖီတစ်ထုပ် ငွေကျပ် ၁၀၀မှ ငွေကျပ် ၂၀၀၊ ဖရဲသီးတစ်လုံး ငွေကျပ် ၂၀၀မှ ငွေကျပ် ၅၀၀၊ ဘူးသီးတစ်လုံး ငွေကျပ် ၁၀၀မှ ငွေကျပ် ၂၀၀ အထိသာရှိကြောင်း၊ ယမန်နှစ်ဈေးအတိုင်းသာဖြစ်ပြီး တို့စရာသခွားသီး ငါးလုံး ငွေကျပ် ၁၀၀သာ ရောင်းရကြောင်း၊ စားဖိုဆောင်သီးနှံများ ဈေးနှုန်းသက်သာသဖြင့် ဒေသခံများ အဆင်ပြေကြကြောင်းသိရသည်။



ရေမြေကောင်းမွန်မှုကြောင့် ဒေသခံများ စားသုံးသီးနှံဖူလုံစေသည့် မောင်တောမြို့နယ် မြို့သူကြီးရွာအနီးမှ တစ်ဆက်တစ်စပ်တည်း အောင်မြင်စွာ ဖြစ်ထွန်းနေသော စားဖိုဆောင်သီးနှံစိုက်ခင်းကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

အလှူရှင်

ကျေးရွာအချို့၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင်သစ်များ ဆောက်လုပ်ထားသည်ကို တွေ့ရသည့်အပြင် ကြိမ်ချောင်းကျေးရွာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ဆောက်လုပ်ပေးပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စားပွဲ၊ ဗီရို၊ ကုလားထိုင်များ လှူဒါန်းသူ အလှူရှင်များ၏ လှူဒါန်းမှုတို့ဖြင့် ပြည့်စုံလာပြီဖြစ်သော ပညာဘဏ်တိုက် စာကြည့်တိုက်ကို သေသပ်စွာ တွေ့ခဲ့ရသည်။ တစ်လငွေကျပ် ၁၀၀၀ဖြင့် စာအုပ်အငှားကတ် ပြုလုပ်ကာ အသင်းဝင်များ စုဆောင်းအောင်မြင်မှုကိုလည်း တွေ့ခဲ့ရသည်။

မွန်းလွဲ ၂နာရီတွင် မောင်တောမြို့ကို ပြန်လည်ဖြတ်သန်းကာ ခရေမြိုင်စံပြကျေးရွာသို့ ခရီးဆက်ခဲ့ကြသည်။ ခရေမြိုင်စံပြကျေးရွာတွင် အခြားစံပြကျေးရွာများနည်းတူ နိုင်ငံတော်မှ ထူထောင်ပေးသည့် နေချင့်စဖွယ် လုံးချင်းအိမ်များကို သပ်ရပ်စွာ တွေ့ရသည်။

ခရေမြိုင် စံပြကျေးရွာမှ ဒေသခံ တိုင်းရင်းသားများအား ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ပံ့ပိုးကူညီမှုဖြင့် ညနေ ၆နာရီမှ ည ၁၀နာရီအထိ လျှပ်စစ်မီးပေးနေမှုကို

လူနေမှုအဆင့် မြင့်မားရေးအတွက် မေယုတောင်တန်းကို မျက်နှာမူကာ နိုင်ငံတော်မှ တည်ဆောက်ပေးထားသည့် မောင်တောမြို့နယ် ခရေမြိုင်စံပြကျေးရွာကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ကြည့်ရှုလေ့လာခဲ့သည်။ မူလတန်းကျောင်း၌လည်း ဒေသခံကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တည်ဆောက်ပေးသည့် မေယုတောင်တန်းကြီးကို နောက်ခံပြုထားသော ခရေမြိုင်စံပြကျေးရွာမှ ပြန်လည်ထွက်ခွာလာပြီး မောင်တောမြို့သို့ ည ၇ နာရီခန့်၌ ပြန်လည်ရောက်ရှိလာရာ လျှပ်စစ်မီးများ ထိန်ထိန်လင်းနေသော မောင်တောမြို့က ကြိုဆိုလျက်ရှိသည်။

ဖြန့်ဖြူးပေး

မြို့နယ်ဥက္ကဋ္ဌက မောင်တောမြို့ မီးလင်းရေးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ Yama စက်နှစ်လုံးဖြင့် ယခင်က တစ်ရက်ခြား တစ်နေ့ သုံးနာရီခန့်သာ မီးပေးခဲ့ရာမှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ကြီးကြပ်မှုဖြင့် မြို့မီးလင်းရေးကော်မတီကို ၁၈-၁၂-၂၀၀၉ရက်တွင် ဖွဲ့စည်းပြီး ၁-၁-၂၀၁၀ရက်မှစ၍ နေ့စဉ် ညပိုင်း၌ ဖြန့်ဖြူးပေးလျက်ရှိကြောင်း ပြောကြားသည်။

မောင်တောမြို့၏ မနေ့ကနှင့် ဒီနေ့ မတူအောင် စီမံကြိုးပမ်းဆောင်ရွက်ထားမှုများက အထင်ကရ ပေါ်လွင်ထင်ရှားနေရာ ကြည်နူးဂုဏ်ပြုရင်း အပြန်ခရီးနှင်ခဲ့ပါတော့သည်။ ။ **(မြန်မာ့အလင်း)**

မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ ဆောင်းသီးနှံစိုက်ခင်းမှ အောင်မြင်စွာ ဖွံ့ဖြိုးသီးပွင့်နေသည့် လတ်ဆတ်သော စားဖိုဆောင်သီးနှံများကို မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်မြေစာရင်းမှူးနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာတို့ ကွင်းဆင်းကြည့်ရှုခဲ့ကြစဉ်။ (မြန်မာ့အလင်း)

ကျော်ဖုံးမှ

အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများကလည်း စိတ်အားထက်သန်စွာဖြင့် သိလို၊ လေ့လာလိုသော စီမံကိန်းများအကြောင်း ပြည့်ပြည့်စုံစုံပင် လေ့လာခွင့်ပြုခဲ့သည်။ ထို့ကြောင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများအကြောင်းကို သိရှိခဲ့ရသည်။

အကြိုက်တွေ့

အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်၏ လယ်ယာကဏ္ဍအတွက် အထောက်အကူဖြစ်စေရန် ယခင်ကတည်းက လယ်ယာသုံးစက်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိကြောင်း ကွင်းဆင်းပြီး သတင်းဆောင်းပါးများ ရေးသားခဲ့ဖူးသည်။ လက်တွေ့လုပ်ငန်းခွင်နှင့် အကိုက်ညီဆုံး လယ်ယာသုံး စက်ပစ္စည်းများဖြစ်၍ တောင်သူများ စိတ်ဝင်စားကာ ဝယ်ယူသုံးစွဲခဲ့ကြသည်။ တောင်သူများ အကြိုက်တွေ့ခဲ့သည်။

ယခုစီမံကိန်းအသစ် တစ်ခုအဖြစ် တစ်ရက်လျှင် သုံးတန်မှ ငါးတန်အထိ ကြိတ်ခွဲနိုင်သော ဆန်စက်ငယ်များ ထုတ်လုပ်မှု စီမံကိန်းကလည်း တောင်သူများအတွက် ထပ်မံ စိတ်ဝင်စားစရာကောင်းမည့် သတင်းပင်ဖြစ်နေပြန်သည်။

တင်သွင်းရောင်းချ

တောင်သူများနှင့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းရှင်များအတွက် ယခင်က ဆန်စက်ငယ်များအား ပြည်ပမှဝယ်ယူ တင်သွင်းရောင်းချမှုများကို တွေ့ရှိခဲ့ရသည်။ ဈေးကြီးပြီး ကြာရှည်သုံးစွဲနိုင်မှု မရှိသဖြင့် လက်တွေ့လုပ်ငန်း၌ တောင်သူများနှင့် လုပ်ငန်းရှင်များက အကြိုက်မတွေ့ခဲ့ကြချေ။

ယခုအခါ အမှတ် (၂)စက်မှုဝန်ကြီးဌာနက ယင်းလိုအပ်ချက်ကို အကောင်အထည်ဖော်ကာ ဖြည့်ဆည်းပေးတော့မည်ဖြစ်သည်။ ထို့ကြောင့် တစ်ရက်လျှင် သုံးတန်မှ ငါးတန်အထိ ကြိတ်ခွဲနိုင်မည့် ဆန်စက်ငယ်များကို ပြည်တွင်း၌ပင် ထုတ်လုပ်ပြီး ပြည်ပမှ ဝယ်ယူတင်သွင်းမှုကို လျှော့ကျသွားစေရန်၊ သုံးစွဲသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ထုတ်လုပ်မှုနည်းပညာများ ရရှိစေရန် ဆိုသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထုတ်လုပ်မည်

အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် တစ်ရက်လျှင် သုံးတန်မှ ငါးတန်အထိ ကြိတ်ခွဲနိုင်သော ဆန်စက်ငယ်များကို တစ်နှစ်လျှင် အလုံး ၅၀၀ ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ထို့အပြင် ခြောက်လက်မ Rubber Roll Husker ၊ Gravity Grain Separating Screen ၊Energy Roll Rice Whitener နှင့် စက်အရန်ပစ္စည်းများလည်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

တစ်နှစ်လျှင် ဆန်စက်ငယ်အလုံး ၅၀၀ ထုတ်လုပ်မည်ဆိုသည်မှာ အမှန်စင်စစ် ယင်းအရေအတွက်ထက်ပင် ထုတ်လုပ်နိုင်စွမ်းရှိသည်ကို ကိုယ်တိုင် အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများကို ရောက်ရှိလေ့လာစဉ်ကပင် သိရှိခဲ့ပြီး ဖြစ်သည်။ စက်ရုံကြီးများမှာ မြန်မာနိုင်ငံ၌ အကြီးမားဆုံး စက်ရုံများအဖြစ် တအံ့တသြမြင်တွေ့ခဲ့ရသည်။

ဆန်စက်ငယ်များ ထုတ်လုပ်မည့် စီမံကိန်းကာလမှာ ၁၂လ သတ်မှတ်ထားပြီး ၂၀၁၀ခုနှစ် အောက်တိုဘာလအတွင်း အပြီးဆောင်ရွက်မည် ဖြစ်ကြောင်းသိရသည်။

ရေးဆွဲသွားမည်

အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့် သုံးတန်မှ ငါးတန်အထိ ကြိတ်ခွဲနိုင်သော ဆန်စက်ငယ်များကို မင်းလှမြို့နယ်ရှိ မလွန်စက်ရုံ၌ အကောင်အထည်ဖော် ထုတ်လုပ်သွားမည်ဖြစ်သည်။ ထို့ကြောင့် မလွန်စက်ရုံတွင် လက်ရှိအလုပ်ရုံပြုပြင်မှုများနှင့် လိုအပ်သော စက်မှုကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ယခု ဆန်စက်ငယ်များ ထုတ်လုပ်မှု စီမံကိန်း၏ ပရော့ဂျက်ဒီဇိုင်း၊ Layout Plan ၊ Foundation Drawing & Installation Drawing များ ရေးဆွဲခြင်းကို တရုတ်ပညာရှင်များ အကူ

အမှတ်(၂) စက်မှု ဝန်ကြီးဌာနက ထုတ်လုပ်မည့် တစ်ရက်လျှင် သုံးတန်မှ ငါးတန်အထိ ကြိတ်ခွဲနိုင်သော ဆန်စက်ငယ်ကို ဤသို့ တွေ့ရသည်။
(စက်မှု-၂)

အညီဖြင့် ၂၀၁၀ခုနှစ် မတ်လအတွင်း ဒီဇိုင်းအပြီး ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာတောင်သူများအတွက် လက်တွေ့ အကျိုးရှိစေမည့်အပြင် ပြည်ပသွင်းကုန်လျှော့ကျစေသည့် စီမံကိန်းဖြစ်ကြောင်း သဘောပေါက်နားလည်ခဲ့ရသည်။ ထို့အပြင် ဆန်စက်ငယ်များ ထုတ်လုပ်မှုနှင့် ပတ်သက်ပြီး နည်းပညာများလည်း ရရှိမည်ဖြစ်သည့်အပြင် ရေရှည်အကျိုးရှိစေမည့် စီမံကိန်းဖြစ်ရာ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက မြန်မြန်အကျိုးခံစားရမည့် စီမံကိန်းပင်ဖြစ်သည်။

ထို့နောက် အမှတ်(၂) စက်မှုဝန်ကြီးဌာနက ဆောင်ရွက်မည့် သောင်တူးစက်ငယ်ထုတ်လုပ်မှု စီမံကိန်းအကြောင်းကို ဆက်လက်လေ့လာဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် သောင်တူးစက်များ ထုတ်လုပ်ခြင်းကို ယခင်က မကြားမိခဲ့ချေ။ သို့သော် မြစ်ချောင်း၊ အင်းအိုင်များတွင် သောင်တူးစက်များ အသုံးပြုရသည်ကို သိရှိခဲ့သည်။ ယခုမူ သောင်တူးစက်ငယ် ထုတ်လုပ် ပြုလုပ်တော့မည်ဖြစ်၍ စိတ်ဝင်စားမှုဖြစ်ခဲ့ရသည်။

ရည်ရွယ်ချက်

မြစ်ချောင်း၊ အင်းအိုင်ပေါများသော မြန်မာနိုင်ငံအတွက် ရေလမ်းကြောင်း ထိန်းသိမ်းရေး၌ မရှိမဖြစ်လိုအပ်သော သောင်တူးစက်ငယ်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သွားရန်၊ ထိုသို့ထုတ်လုပ်မှုကြောင့် နည်းပညာများ ရရှိစေရန်နှင့် ပြည်ပမှသွင်းကုန်အစားထိုး ဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် စီမံကိန်းကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

အတွေ့အကြုံရှိ

သောင်တူးစက်ငယ်သည် ယန္တရားအမျိုးအစားဖြစ်သည်။ အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် ဆောက်လုပ်ရေး လုပ်ငန်းသုံးယန္တရားများဖြစ်သည့် Bulldozer၊ Excavator၊ Mini Excavator၊ Compactor၊ Road Roller နှင့် Forklift များကို ထုတ်လုပ်ခဲ့သည့် အတွေ့အကြုံများရှိထားသည်။ ထို့ကြောင့် ယင်းအတွေ့အကြုံများအပေါ် အခြေခံပြီး နိုင်ငံအတွင်း ရေလမ်းကြောင်း ထိန်းသိမ်းရေးကဏ္ဍအတွက် မရှိမဖြစ် သောင်တူးစက်ငယ် (Small Dredger) ကို ထုတ်လုပ်ခြင်းဖြစ်သည်။

ဖြည့်ဆည်းထုတ်လုပ်

နိုင်ငံအတွင်း သက်ဆိုင်ရာဌာနများနှင့် လုပ်ငန်းများအတွက် သောင်တူးစက်ငယ်များနှင့် ဆက်စပ်ပစ္စည်းများကို ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီအောင် ဖြည့်ဆည်း ထုတ်လုပ်ပေးသွားရန် စီစဉ်ထားကြောင်း၊ ထုတ်လုပ်မည့် အမျိုးအစားမှာလည်း ခေတ်မီစက်ပစ္စည်းကိရိယာများ တပ်ဆင်ထားသည့် စွမ်းဆောင်ရည်မြင့်မားသော Cutter Suction Dredger အမျိုးအစားဖြစ်ကြောင်း အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ သောင်တူးစက်ငယ် ထုတ်လုပ်မည့်နေရာကိုလည်း အမှတ်(၂) စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ မင်းလှမြို့နယ် မလွန်စက်ရုံတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သောင်တူးစက်ငယ်များကို အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများမှ မူလရှိပြီးသား စက်ပစ္စည်းကိရိယာများကို အခြေခံအသုံးပြုကာ ထုတ်လုပ်မှုလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။ ထပ်မံလိုအပ်မည့် စက်ပစ္စည်းအချို့သာ ဝယ်ယူဖြည့်တင်းသွားရန် စီစဉ်ထားကြောင်း သိရသဖြင့် ထိုက်သင့်သော ကုန်ကျမှုဖြင့် အကျိုးများသော သောင်တူးစက်ငယ်များ ထုတ်လုပ်မှုပင် ဖြစ်သည်။

မြစ်ချောင်းပေါများသော မြန်မာနိုင်ငံတစ်နံတစ်လျားတွင် ရေလမ်းကြောင်းများကောင်းမွန်စေရန်အတွက် မရှိမဖြစ် သောင်တူးစက်များ ထုတ်လုပ်မှုကို ဝမ်းမြောက်စွာ ကြိုဆိုရမည်ဖြစ်ပါသည်။

စက်မှုသင်တန်းကျောင်း (မကွေး)

သတင်းဆောင်းပါး ရေးသားရန်အတွက် စက်မှုသင်တန်းကျောင်း (ဆင်တဲ) နှင့် စက်မှုသင်တန်းကျောင်း (သာဂရ) တို့ကို ရောက်ရှိခဲ့ဖူးသည်။ စက်မှုနိုင်ငံထူထောင်ရန်အတွက် အရည်အချင်းပြည့်ဝသော စက်မှုပညာရှင်လူငယ်အများအပြားလိုအပ်သည်ဖြစ်ရာ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ယင်းလိုအပ်ချက်ကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးနေကြောင်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ ယခု ထပ်မံ၍ စက်မှုသင်တန်းကျောင်း (မကွေး) စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ဦးမည်ဖြစ်၍ ဝမ်းသာခဲ့ရပြန်သည်။

ထို့ကြောင့် စက်မှုသင်တန်းကျောင်း (မကွေး) စီမံကိန်းနှင့် ပတ်သက်ပြီး သိရှိရန် အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆက်သွယ်မေးမြန်းခဲ့ရာမှ လိုအပ်သည့် အချက်အလက်များကို သိရှိခဲ့ရသည်။

တည်ဆောက်

စက်မှုသင်တန်းကျောင်း (မကွေး)ကို မကွေးစက်မှုနယ်မြေအတွင်း တည်ဆောက်သွားမည်ဖြစ်သည်။ စီမံကိန်းကာလမှာ ၁၈လဖြစ်ပြီး ၂၀၁၀ခုနှစ်အတွင်း အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖြည့်ဆည်းပေး

စက်မှုသင်တန်းကျောင်း (မကွေး) စီမံကိန်းတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနက သင်တန်းကျောင်း ဆောက်လုပ်မည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံက သင်တန်းကျောင်း ဒီဇိုင်းနှင့် ဗိသုကာဆိုင်ရာ ပုံစံရေးဆွဲခြင်းနှင့် ဘာသာရပ်အလိုက် သင်ထောက်ကူ စက်ပစ္စည်းကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများ ဖြည့်ဆည်းပေးမည် ဖြစ်သည်။

သင်ကြားမည်

စက်မှုသင်တန်းကျောင်း (မကွေး)တွင် မော်တော်ယာဉ်ဆိုင်ရာ အထူးပြုသင်တန်းများဖြစ်သည့် မော်တော်ယာဉ်ထိန်းသိမ်းမှု အတတ်ပညာသင်တန်း၊ မော်တော်ယာဉ် ထုတ်လုပ်မှု နည်းပညာသင်တန်းနှင့် မော်တော်ယာဉ် အရည်အသွေးစစ်ဆေးမှု

အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်မည့် တစ်ရက်လျှင် သုံးတန်မှ ငါးတန်အထိ ကြိတ်ခွဲနိုင်သော ဆန်စက်ငယ်ကို ဤသို့ တွေ့ရသည်။
(စက်မှု-၂)

သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ ထိုသို့ သင်ကြားပေးခြင်းဖြင့် မော်တော်ယာဉ်စက်မှု လုပ်ငန်းများအတွက် ခေတ်မီနည်းပညာဖြင့် စနစ်တကျ တတ်ကျွမ်းထားသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ရန်၊ စက်ရုံများရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေးအတွက် Advance Training လေ့ကျင့်ပေးနိုင်ရန်၊ မော်တော်ယာဉ်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် စနစ်တကျ ဖြစ်လာစေရန်နှင့် ပြည်တွင်း၌ ထုတ်လုပ်သော မော်တော်ယာဉ်များ၏ အရည်အသွေး တိုးတက်လာစေရန်ဟူသော ရည်ရွယ်ချက်များလည်း ပြည့်ဝလာမည် ဖြစ်သည်။

အရည်အချင်း

စက်မှုသင်တန်းကျောင်း (မကွေး)တွင် တက်ရောက်နိုင်မည့် သင်တန်းသားများ၏ အရည်အချင်းကို သတ်မှတ်ရာတွင် အခြေခံပညာအထက်တန်းအဆင့် သင်ကြားတတ်မြောက်သူများ၊ စက်ရုံများမှ မော်တော်ယာဉ် ထုတ်လုပ်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ တက်ရောက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

သင်ကြားမည့် ဘာသာရပ်များနှင့် အချိန်ကာလကိုလည်း ခွဲခြားထားကြောင်း သိရသည်။ အဓိကအားဖြင့် Normal Training Course နှင့် Advance Training Course တို့ဖြစ်သည်။ Normal Training Course တွင် Automobile Engine Course၊ Automobile Electrical System Course၊ Automobile Transmission Course နှင့် Automobile Course ဘာသာရပ်များပါဝင်ပြီး သင်တန်းကာလမှာ သုံးလစီ ဖြစ်ကြောင်း သိရသည်။ Advance Training Course တွင် Automobile Production Technology Course ဘာသာရပ် သင်တန်းအတွက် သုံးလ တက်ရောက်ရမည်ဖြစ်ပြီး Automobile Inspection Course သင်တန်းအတွက် နှစ်လတက်ရောက်ရမည် ဖြစ်သည်။

ကျွမ်းကျင်ပညာရှင်များ

စက်မှုသင်တန်းကျောင်း (မကွေး) စီမံကိန်းကြောင့် စက်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ထွက်ပေါ်လာမည်ဖြစ်ရာ နိုင်ငံတော်တွင် မော်တော်ယာဉ် ထုတ်လုပ်မှု နည်းပညာ၊ ပြုပြင်ထိန်းသိမ်းမှု နည်းပညာများ ပြန့်ပွားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

အထောက်အကူပြု

ထို့ကြောင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနက ဆောင်ရွက်မည့် အထူးစီမံကိန်းကြီးများကား နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေမည့် စီမံကိန်းများဖြစ်ပါကြောင်း လေ့လာရေးသား တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ထန်းတပင်မြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၁၈

ထန်းတပင်မြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို မတ် ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးက အမှာစကားပြောကြားသည်။

တာဝန်ပေး

ထို့နောက် အဖွဲ့ခေါင်းဆောင် ဦးရန်ပိုင်စိုး (တွဲဖက်အတွင်းရေးမှူး-၁)က မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန် ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ ဦးကျော်ညီညီဇင်၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းရီ၊ အတွင်းရေးမှူး ဦးကိုကိုမင်း၊ စည်းရုံးရေးမှူး ဦးဖြိုးဟန်ထက်နှင့် အဖွဲ့ဝင် ခုနစ်ဦးတို့ ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေး ကော်မတီခန့်အပ်လွှာကို ဗဟိုအလုပ်အမှုဆောင် ပျဉ်းမနား ဦးမြင့်လှိုင်(ပြန်ကြားရေးမှူး)က ပေးအပ်ပြီး ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိအမြဲရှိ

ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေး ကပ်ထားရန်နှင့် ဆင်ဆာလက်မှတ်အသေး ကပ်ထားသည့် ဗီဒီယိုတိပ်ခွေ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုရန်နှိုးဆော်ခြင်း

ပြည်တွင်းဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများမှ ရိုက်ကူးထုတ်လုပ်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ဗီဒီယိုဆင်ဆာအဖွဲ့မှ စစ်ဆေးခွင့်ပြုပြီးသော မြန်မာဗီဒီယိုဇာတ်လမ်း၊ ကာရာအိုကေသီချင်း၊ ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးကို တိပ်ခွေတွင် ကပ်ထားရမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၂၅(ခ)တွင် ဖော်ပြထားရှိပြီး ဖြစ်ပါသည်။ ဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း ဆောင်ရွက်သဖြင့် ပြစ်မှုထင်ရှားစွာ စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀(ကျပ်တစ်သိန်း)အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်နိုင်သည့်အပြင် ပြစ်မှုနှင့်တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂အရ သတ်မှတ်ထားပြီးဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုပြသရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေဖြန့်ချိရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ကူးယူခြင်းလုပ်ငန်း၊ ဗီဒီယိုကာရာအိုကေလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးများ ကပ်ထားရန် သို့မဟုတ် ဗီဒီယိုဆင်ဆာလက်မှတ်အသေးပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၊ ဗီဒီယိုဆင်ဆာအဖွဲ့
မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန

ပုသိမ်-ငရုတ်ကောင်းတောင်-ငရုတ်ကောင်းမြို့ မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲကျင်းပ

ပုသိမ် မတ် ၁၅

(၆၅)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ ပုသိမ်-ငရုတ်ကောင်းတောင်-ငရုတ်ကောင်းမြို့ မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၁၁နာရီက ငရုတ်ကောင်းမြို့ လမ်းမတော်လမ်း အဆိုပါမှခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါ မော်တော်ယာဉ်လိုင်းသစ်ကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ တိုင်းအုပ်ချုပ်ရေးမှူး ဦးအေးကျော်နှင့် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

တွေ့ဆုံမှာကြား

ထို့နောက် တိုင်းအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များသည် ငရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများမှာကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံး ငွေရင်းလုပ်ငန်းဖြင့် အမှတ်(၅)ရပ်ကွက် ကျွန်းတောမြို့ပတ်လမ်း ကျောက်များ စီခင်းထားရှိမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကွန်ဟိန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ အဖွဲ့ပိုင်နမ့်ပန်ခန်းမရှေ့၌ မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၃ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းထွေတလာ

ကျန်းမာရေးအသိပညာပေး လပွတ္တာ၌ဟောပြော

လပွတ္တာ မတ် ၁၁

ကျန်းမာရေးဦးစီးဌာနနှင့် မာလ်တေဆာအင်တာနေရှင်နယ်တို့ပူးပေါင်း၍ ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက်ကလေးသေနှုန်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၁၀နာရီက လပွတ္တာမြို့နယ် မောင်ငယ်ကျေးရွာ မူကြိုကျောင်း၌ ကျင်းပရာ ကျေးရွာပေါင်း ၁၃ရွာမှ ကိုယ်ဝန်ဆောင်မိခင်ပေါင်း ၁၁၆ ဦး တက်ရောက်ကြသည်။

ဆွေးနွေး

အခမ်းအနားတွင် ခုတင်(၂၀၀)ဆံ့ဆေးရုံအုပ်ကြီး ဒေါက်တာရဲအေးက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ်ကျန်းမာရေးမှူး(၁)ဦးကျော်နိုင်ဦးက ကိုယ်ဝန်ဆောင်မိခင်နှင့် မီးတွင်းမိခင်သေနှုန်းကျဆင်းရေး၊ အန္တရာယ်ကင်းစွာ မွေးဖွားနိုင်ရေး၊ မွေးကင်းစနှင့် ငါးနှစ်အောက်ကလေးငယ်များ သေနှုန်းကျဆင်းရေး အသိပညာပေးဆွေးနွေးသည်။ ထို့နောက် မာလ်တေဆာအင်တာနေရှင်နယ်အဖွဲ့မှ ဒေါက်တာခိုင်စိုးလင်းက ကိုယ်ဝန်ဆောင်မိခင်များအား ပုံပိုးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ဆင်ပေါင်ဝဲမြို့နယ် ရဲတပ်ဖွဲ့သို့ မီးသတ်စက်ငယ် ပေးအပ်လှူဒါန်း

ဆင်ပေါင်ဝဲ မတ် ၅

မကွေးတိုင်း ဆင်ပေါင်ဝဲမြို့ပေါ်ရှိ စေတနာရှင် ပြည်သူများက ဆင်ပေါင်ဝဲမြို့နယ် ရဲတပ်ဖွဲ့သို့ မီးသတ်စက်ငယ် ဒိုင်းရှင်း (Sofo 6.5 HP) ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက် နံနက် ၁၀ နာရီက ဆင်ပေါင်ဝဲမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းက အမှာစကားပြောကြားပြီး စေတနာရှင်များက မီးသတ်စက်ငယ်နှင့် စာရွက်စာတမ်းများ ပေးအပ်လှူဒါန်းရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်ဝင်းက လက်ခံယူသည်။ **(အောက်ပုံ)**အဆိုပါ မီးသတ်စက်ငယ်၏ တန်ဖိုးမှာ ၂၃၈၂၂၅ကျပ်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**



စစ်တမ်းကောက်ယူ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာတွင် ဇန်နဝါရီ ၇ရက်က မြို့နယ်စီမံကိန်း ဦးစီးမှူး မြို့နယ်အတွင်းရေးမှူး ဦးဝင်းတင့် ဦးဆောင်သောအဖွဲ့က အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာ စစ်တမ်းကောက်ယူကြစဉ်။
(ဝ၂၀)

မြန်မာအိုင်စီတီပြပွဲ -၂၀၁၀ ၌ CONCORDIA Int'l Co., Ltd. မှ ပါဝင်ပြသမည်

ရန်ကုန် မတ် ၁၈

CONCORDIA Int'l Co., Ltd. မှ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၁၉ရက်မှ ၂၁ရက် အထိ ကျင်းပမည့် Myanmar ICT Exhibition 2010 ပြပွဲတွင် ဝင်ရောက်ပြသရောင်းချမည်ဖြစ်သည်။

ခင်းကျင်းပြသ

အဆိုပါ ပြပွဲတွင် CONCORDIA Int'l Co., Ltd. က တင်သွင်းဖြန့်ချိသော Fuji Xerox အမှတ်တံဆိပ် ကာလာလေဆာပရင်တာများ၊ မိတ္တူကူးစက်များ၊ Toner Cartridge များ၊ ဂျပန်နိုင်ငံထုတ် Topcon အမှတ်တံဆိပ် မြေတိုင်းပစ္စည်းများ၊ Digital Camera ပါဝင်သော နောက်ဆုံးပေါ် နည်းပညာ Garmin အမှတ်တံဆိပ် Oregon GPS များ၊ အင်္ဂလန်နိုင်ငံထုတ် ELE အမှတ်တံဆိပ် ကွန်ကရစ်၊ ကတ္တရာနှင့် မြေစမ်းသပ်မှုပစ္စည်းများ၊ OHAUS အမှတ်တံဆိပ် Digital ချိန်ခွင်များကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

ရောင်းချ

အထူးအစီအစဉ်အဖြစ် Fuji Xerox အမှတ်တံဆိပ် ကာလာလေဆာပရင်တာများကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည့်အပြင် Model အမျိုးအစားမှာ Docuprint C 525 A အမျိုးအစားများဖြစ်ပြီး ၎င်းမော်ဒယ်အမျိုးအစား C 525 A သုံးစွဲနေသော Customer များအတွက်လည်း Color Toner Cartridge များကို ၃၀ရာခိုင်နှုန်း လျှော့ဈေးဖြင့် ရောင်းချပေးမည့်အပြင် Color Toner (Third Party) သုံးစွဲမိ၍ Print Out Quality မကောင်း၍ စိတ်တိုင်းမကျ ဖြစ်နေသူများအတွက်လည်း အဟောင်းပေး အသစ်ယူ အစီအစဉ်တစ်ရပ်ကို ထည့်သွင်း၍ ရောင်းချပေးသွားမည်ဖြစ်သည်။

ထည့်သွင်းနိုင်

Garmin အမှတ်တံဆိပ် GPS များထဲတွင် နောက်ဆုံးရောက်ရှိလာသည့် Oregon 550 သည် GPS နှင့် ကင်မရာ ပေါင်းစပ်ထားသော နည်းစနစ်ပါဝင်သည့်အတွက် ဓာတ်ပုံရိုက်ကူးပါက ၎င်းအရာဝတ္ထု၏ တည်နေရာကို အလိုအလျောက် သိရှိနိုင်မည့်အပြင် GPS ထဲသို့ Google Earth မှ ဂြိုဟ်တုမြေပုံများကို မိမိကိုယ်တိုင် ထည့်သွင်းနိုင်သည်။ GPS Map 76 သည်လည်း မြန်မာဘာသာစကားဖြင့် အသုံးပြုနိုင်သည့်အပြင် (တစ်လက်မ တစ်မိုင်) မြေပုံညွှန်းကို ကိုယ်တိုင်ဖတ်ရှုနိုင်ခြင်း၊ UTM တိုက်ရိုက်ဖတ်ရှုနိုင်ခြင်း စသည့် နည်းစနစ်များ ပါဝင်သည်။ ရေကြောင်းသုံး GPS အမျိုးအစားထဲတွင် GPS၊ Sounder၊ Radar သုံးမျိုး ပေါင်းစပ်အသုံးပြုနိုင်သော GPS Map 2108 ကိုလည်း အထူးအစီအစဉ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ဝယ်ယူနိုင်

ဆက်သွယ်ဝယ်ယူလိုပါက ရွှေဂုံတိုင် ပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ ၀၉-၅၀၀၅၉၁၂၊ ဖက်စ်-၅၄၄၁၉၉၊ မန္တလေးတွင် SY အဆောက်အအုံ လမ်း၃၀×၇၇လမ်းနှင့် ၇၈လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ ၆၉၃၀၃၊ ၀၉-၅၀၆၇၁၇၂နှင့် နေပြည်တော်တွင် အမှတ် (၁၁၄) သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်သည်။

(သတင်းစဉ်)

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်းအပြီး စိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိလည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့် အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော်တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။

၆။ ချဉ်ပေါင်လျှော် မျိုးစေ့များအား မစိုက်မီ သုံး၊ လေး နေလှန်းပြီးမှ စိုက်ပျိုးပါ။

၇။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချ စိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖြင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၈။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်း ဌာန၏ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မန္တလေး-မြစ်ကြီးနား-မန္တလေးခရီးစဉ် အမှတ်(၃၇) အဆန်၊ အမှတ်(၃၈)အစုန် အမြန်လူစီးရထားများ

၁၆ နာရီဖြင့် နေ့ချင်းပေါက်ပြေးဆွဲ

နေပြည်တော် မတ် ၁၈

မြန်မာ့မီးရထားက ခရီးသည်များသွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် မန္တလေး-မြစ်ကြီးနား-မန္တလေးခရီးစဉ် အမှတ်(၃၇) အဆန်၊ အမှတ်(၃၈)အစုန် အမြန်လူစီးရထားများကို မတ် ၂၄ ရက်မှစ၍ ၁၆ နာရီဖြင့် နေ့ချင်းပေါက် ပြေးဆွဲမည်ဖြစ်သည်။

နေ့ချင်းပေါက်ရောက်

အမှတ် (၃၇)အဆန် မန္တလေး-မြစ်ကြီးနားခရီးစဉ်၌ မန္တလေးမှ နံနက် ၄ နာရီခွဲတွင် ထွက်ခွာပြီး ရွှေဘို၊ ကောလင်းနှင့် မိုးညှင်းဘူတာများ၌ ရပ်တန့်ပေး၍ မြစ်ကြီးနားသို့ ည ၈ နာရီခွဲတွင် နေ့ချင်းပေါက်ရောက်ရှိမည်ဖြစ်သည်။

အမှတ်(၃၈) အစုန် မြစ်ကြီးနား-မန္တလေးခရီးစဉ်၌ မြစ်ကြီးနားမှ နံနက် ၄ နာရီခွဲတွင် ထွက်ခွာပြီး မိုးညှင်း၊ ကောလင်းနှင့် ရွှေဘိုဘူတာများ၌ ရပ်တန့်ပေး၍ မန္တလေးသို့ ည ၈ နာရီခွဲတွင် နေ့ချင်းပေါက်ရောက်ရှိမည်ဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

စက်မှုသင်တန်းကျောင်း(မကွေး)ရှိ တည်ဆောက်ဆဲ သင်တန်းကျောင်းဆောင်အချို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် သောင်တူးစက်၊ ဆန်စက်ငယ်များထုတ်လုပ်မှုနှင့် စက်မှုသင်တန်းကျောင်း(မကွေး) စီမံကိန်းများ

➢ သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း - စက်မှု(၂) ➢ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၈

သတင်းသမားပီပီ သတင်းရသည်နှင့် အကြောင်းအရာ အချက်အလက်အားလုံးသိရှိနိုင်ရန် ကြိုးစားလိုစိတ်က အလိုလိုပေါ်လာခဲ့သည်။ ထို့ကြောင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနက အကောင်အထည်ဖော်ရန် စီစဉ်ထားသည့် ကျန်ရှိနေသေးသော စီမံကိန်းများအကြောင်းကို သိရှိလေ့လာနိုင်ရန် အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းမှု ပြုလုပ်ခဲ့သည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ အချပ်ပိုပါရှိ

ယနေ့ထုတ်သတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၁၀)ဖြင့် ထုတ်ပြန်ကြေညာသည့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ အချပ်ပို(၂၄)မျက်နှာနှင့် အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၁၀)ဖြင့် ထုတ်ပြန်ကြေညာသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ အချပ်ပို(၂၄)မျက်နှာတို့ ပါရှိပါသည်။